# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်

# နဝမပုံမှန်အစည်းအဝေး

# (၁၈) ရက်မြောက်နေ့ မှတ်တမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၁ |
| ၃ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၃ |
| ၅ | ရမ်းဗြဲမြို့နယ်၊ လေးတောင်နယ်ဒေသရှိ ဆန်တင်မော်ဆိပ်ကမ်းနှင့် ကျောက်ဦးမော်ဆိပ်ကမ်းနေ ရေလုပ်သားများအတွက် မုန်တိုင်းအန္တရာယ်ကျရောက်လာပါက ခိုနားနိုင်ရန် ဘက်စုံသုံးမုန်တိုင်းဒဏ်ခံ အဆောက်အဦ(Multi Purpose Cyclone Shelter) တစ်လုံးစီဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၄ |
| ၆ | ဝိန်းနှောင်-ပန်ကြံ့-မိုက်ဟုန်း-လွယ်ကျန့်-ပန်ဝေ့-ရောင်အူကြီး မြေသားလမ်း ၁၄ မိုင်တွင် ဆက်လက် ဖောက်လုပ်ရန် ကျန်ရှိသည့် ပန်ဝေ့-လွယ်ကျန့်-မိုက်ဟုန်း မြေသားလမ်း ၆ မိုင်နှင့် မန်ကောင်း-နော်ဝ မြေသားလမ်း ၇ မိုင်တို့အား ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၇ |
| ၇ | ဘောလခဲမြို့တွင် နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဖွင့်လှစ်သော ပညာလေ့ကျင့်ရေးကျောင်းမှ ကျောင်းသားများခေါ်ယူရာတွင် မြို့နယ်အလိုက်အချိုးမျှတမှုမရှိသလို ပွင့်လင်းမြင်သာမှုမရှိပါသဖြင့် မည်ကဲ့သို့မူဝါဒများချမှတ်၍ ခေါ်ယူနေသည်ကို သိရှိလိုခြင်းနှင့် နောက်နောင်ခေါ်ယူရာတွင် မြို့နယ်အလိုက် အချိုးကျခေါ်ယူပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၉ |
| ၈ | ပလက်ဝမြို့နယ်၊ ဖရုံချောင်းကျေးရွာ လူကူးကြိုးတံတား(၃၅၀)ပေတစ်စင်း ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၃ |
| ၉ | ခေါင်လန်ဖူးမြို့နယ်အတွင်းရှိ အရေးကြီးပြီး ပြည်သူလူထုအများဆုံး အသုံးပြုနေသည့် ဆရဲဂျာထန် ကြိုးတံတား(၁၁၀)ပေ၊ ကျီးဒူချောင်းကူး ကြိုးတံတား(၁၅၀)ပေ၊ မော်ခိုဝါကြိုးတံတား(၈၀)ပေ၊ မိုကိုဆားကြိုးတံတား(၁၄၀)ပေတို့အား အမြန်ဆုံးဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၁၄ |
| ၁၀ | နန်းယွန်းမြို့နယ်ရှိ ရှိတ်ညို-လုံကျန်းလမ်းပေါ်မှ Box Culvert များအား | ၁၆ |

သတ်မှတ်စံနှုန်းများအတိုင်း ဆောင်ရွက်ထားမှုမရှိသော Global Land ကုမ္ပဏီအားအသစ်ပြန်လည်ဆောင်ရွက်စေခြင်းအပြင် အခြားမည်ကဲ့သို့သော ထိရောက်သည့်အရေးယူမှုများ ဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း

၁၁ လေရှီး-ဂျီလာ-သာယာလမ်း (၁၀)မိုင်၊ ကူကီး-ဂျီလာ-သာယာလမ်း (၁၀)မိုင်၊ မိုဒွန်ရွာမ-ဝမ်းဘဲရွာဟောင်း လမ်း (၁၀)မိုင်နှင့် မသော်ရီ-ရော်ပါးမီ-ရောဟော်လမ်း (၁၀)မိုင်၊ (၁၈)ပေအား မြေသားလမ်း ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း ၁၈

၁၂ ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏အတည်ပြုချက်ရယူခြင်း ၂၁

၁၃ ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း ၂၂

၁၄ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥပဒေကြမ်းကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း ၂၃

၁၅ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက တင်သွင်းသည့် စားသုံးသူကာကွယ်ရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း ၂၃

၁၆ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၈) ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၉)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း ၂၈

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမ ပုံမှန်အစည်းအဝေး

## (၁၈) ရက်မြောက်နေ့ အစီအစဉ်

## [ ၁၇–၉–၂၀၁၈ ] (တနင်္လာနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမ ပုံမှန်အစည်းအဝေး (၁၈) ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးကျော်ရွှေ၊ ရမ်းဗြဲ မဲဆန္ဒနယ်၏ **ရမ်းဗြဲမြို့နယ်၊ လေးတောင်နယ် ဒေသရှိ ဆန်တင်မော်ဆိပ်ကမ်းနှင့် ကျောက်ဦးမော်ဆိပ်ကမ်းနေ ရေလုပ်သားများအတွက် မုန်တိုင်းအန္တရာယ် ကျရောက်လာပါက ခိုနားနိုင်ရန် ဘက်စုံသုံးမုန်တိုင်းဒဏ်ခံ အဆောက်အဦ (Multi Purpose Cyclone Shelter) တစ်လုံးစီ ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးတင်အေး၊ မက်မန်း မဲဆန္ဒနယ်၏ **ဝိန်းနောင်–ပန်ကြို–မိုက်ဟုန်း– လွယ်ကျန့်–ပန်ဝေါ့–ရောင်အူကြီး မြေသားလမ်း (၁၄)မိုင်တွင် ဆက်လက် ဖောက်လုပ်ရန် ကျန်ရှိသည့် “ပန်ဝေါ့–လွယ်ကျန့်–မိုက်ဟုန်း”**

**မြေသားလမ်း (၆) မိုင်နှင့် "မန်ကောင်း–နော်ဝ" မြေသားလမ်း (၇) မိုင်တို့အား ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဒေါ်နန်းထွေးသူ၊ ဖားဆောင်း မဲဆန္ဒနယ်၏ **ဘောလခဲမြို့တွင် နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဖွင့်လှစ်သော ပညာလေ့ကျင့်ရေးကျောင်းမှ ကျောင်းသားများခေါ်ယူရာတွင် မြို့နယ်အလိုက် အချိုးမျှတမှုမရှိသလို ပွင့်လင်းမြင်သာမှု မရှိပါသဖြင့် မည်ကဲ့သို့ မူဝါဒများ ချမှတ်၍ ခေါ်ယူနေသည်ကို သိရှိလိုခြင်းနှင့် နောက်နောင်ခေါ်ယူရာတွင် မြို့နယ်အလိုက် အချိုးကျခေါ်ယူပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးစိန်အောင်၊ ပလက်ဝ မဲဆန္ဒနယ်၏ **ပလက်ဝမြို့နယ်၊ ဖရုံချောင်း ကျေးရွာလူကူးကြိုးတံတား (၃၅၀) ပေ တစ်စင်း ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးအာမိုးဆီ၊ ခေါင်လန်ဖူး မဲဆန္ဒနယ်၏ **ခေါင်လန်ဖူးမြို့နယ်အတွင်းရှိ အရေးကြီးပြီး ပြည်သူလူထု အများဆုံးအသုံးပြုနေသည့် ဆရဲဂျာထန် ကြိုးတံတား (၁၁၀) ပေ၊ ကျီးဒူချောင်းကူးကြိုးတံတား (၁၅၀) ပေ၊ မော်ခိုဝါ ကြိုးတံတား (၈၀) ပေ၊ မိုကိုဆားကြိုးတံတား (၁၄၀) ပေ တို့အား အမြန်ဆုံး ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးဝမ်းလှ၊ နန်းယွန်း မဲဆန္ဒနယ်၏ **နန်းယွန်းမြို့နယ်ရှိ ရှိတ်ညို–လုံကျန်း လမ်းပေါ်မှ Box Culvert များအား သတ်မှတ်စံနှုန်းများအတိုင်း ဆောင်ရွက်ထားမှု မရှိသော Global Land ကုမ္ပဏီအား အသစ်ပြန်လည် ဆောင်ရွက်စေခြင်းအပြင် အခြားမည်သို့သော ထိရောက်သည့် အရေးယူမှုများ ဆောင်ရွက်ပေးမည်ကိုသိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးကျော်ဌေး၊ လေရှီး မဲဆန္ဒနယ်၏ **လေရှီး- ဂျီလာ-သာယာလမ်း (၁၀) မိုင်၊ ကူကီး-ဂျီလာ-သာယာလမ်း (၁၀)မိုင်၊ မိုဒွန်ရွာမ- ဝမ်းဘဲရွာဟောင်းလမ်း (၁၀)မိုင်နှင့် မသော်ရီ- ရော်ပါးမီ-ရောဟော်လမ်း (၁၀)မိုင်၊ (၁၈)ပေ အား မြေသားလမ်း ဖောက်လုပ် ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ပြည်သူ့လွှတ်တော်၊ နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၏ အစီရင်ခံစာကို သဘောတူ လက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း၊

၇။ ပြည်သူ့လွှတ်တော်၊ ကျန်းမာရေးနှင့်အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အစီရင်ခံစာကို သဘောတူ လက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း၊

၈။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့လာသော **"မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥပဒေကြမ်း"** ကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း၊

၉။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက တင်သွင်းသည့် **"စားသုံးသူကာကွယ်ရေး ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက် အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၁၀။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၈) ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၉) ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး
# (၁၈)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလဆန်း ၈ ရက်
## (၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်)
## (တနင်္လာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါခင်ဗျား။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၀ ဦးရှိသည့်အနက် ၃၈၈ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၀.၂၃ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၄ ဖြစ်ပါတယ်။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။ ယနေ့ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီအတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၀ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၈၈ ဦးရှိကာ ယနေ့ခွင့်ပန်ကြားသူ ၃၁ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူ ကိုယ်စားလှယ်များကတော့-

(၁) သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် ခွင့် ၁ ရက်၊
(၂) တိုက်ကြီးမဲဆန္ဒနယ်မှ ဦးကျော်မြင့် ခွင့် ၁ ရက်၊
(၃) မိုင်းပန်မဲဆန္ဒနယ်မှ ဦးစိုင်းကျော်မိုး ခွင့် ၁ ရက်၊
(၄) ကုန်းကြမ်းမဲဆန္ဒနယ်မှ ဦးလီကျိန်းဖူ(ခ)ဦးမြင့်ဆွေ အစည်းအဝေးပြီးဆုံးသည်ထိ၊
(၅) ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းခင်စော အစည်းအဝေးပြီးဆုံးသည်ထိ၊
(၆) နမ့်စန်မဲဆန္ဒနယ်မှ ဦးဌေးလွင်(ခ)ဦးဒီလုံး အစည်းအဝေးပြီးဆုံးသည်ထိ၊
(၇) ဒေါပုံမဲဆန္ဒနယ်မှ ဦးဌေးဝင်းအောင်(ခ)ဦးပြုံးချို ခွင့် ၃ ရက်၊
(၈) ဖျာပုံမဲဆန္ဒနယ်မှ ဦးဝင်းထွဋ်ရှ အစည်းအဝေးပြီးဆုံးသည်ထိ၊
(၉) ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးမြင့်လွင် ခွင့် ၃ ရက်၊
(၁၀) နမ့်ဆန်မဲဆန္ဒနယ်မှ ဦးဝင်းထူး ခွင့် ၁ ရက်၊
(၁၁) မတူပီမဲဆန္ဒနယ်မှ ဦးပါထန်း အစည်းအဝေးပြီးဆုံးသည်ထိ၊
(၁၂) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးမျိုးကိုကို ခွင့် ၂ ရက်၊
(၁၃) သရက်ချောင်းမဲဆန္ဒနယ်မှ ဦးအောင်စိုး ခွင့် ၃ ရက်၊
(၁၄) တနသ်ာရီမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဟိန်း အစည်းအဝေးပြီးဆုံးသည်ထိ၊
(၁၅) ပဲခူးမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ရွှေပုံ ခွင့် ၃ ရက်၊
(၁၆) မင်းပြားမဲဆန္ဒနယ်မှ ဦးစစ်နိုင် အစည်းအဝေးပြီးဆုံးသည်ထိ၊
(၁၇) လသာမဲဆန္ဒနယ်မှ ဒေါ်ခင်မို့မို့အောင် ခွင့် ၃ ရက်၊
(၁၈) ဗဟန်းမဲဆန္ဒနယ်မှ ဦးထွန်းမြင့် ခွင့် ၁ ရက်၊

(၁၉) ဥတ္တရသီရိမဲဆန္ဒနယ်မှ ဦးကျော်မင်းလှိုင် ခွင့် ၁ ရက်၊
(၂၀) တံတားဦးမဲဆန္ဒနယ်မှ ဒေါ်စိုးနွယ်အေး ခွင့် ၁ ရက်၊
(၂၁) ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ အစည်းအဝေးပြီးဆုံးသည်ထိ၊
(၂၂) မြစ်ကြီးနားမဲဆန္ဒနယ်မှ ဦးအင်ထုံးခါးနော်ဆမ် အစည်းအဝေးပြီးဆုံးသည်ထိ၊
(၂၃) သန်လျင်မဲဆန္ဒနယ်မှ ဦးလွင်ကိုလတ် ခွင့် ၃ ရက်၊
(၂၄) သာကေတမဲဆန္ဒနယ်မှ ဒေါက်တာဝေဖြိုးအောင် ခွင့် ၃ ရက်၊
(၂၅) မြိတ်မဲဆန္ဒနယ်မှ ဦးစိုးပိုင်ဋ္ဌေး ခွင့် ၁ ရက်၊
(၂၆) လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းမောက်ခမ်း အစည်းအဝေးပြီးဆုံးသည်ထိ၊
(၂၇) မဟာအောင်မြေမဲဆန္ဒနယ်မှ ဦးငြိမ်းသစ်(ခ)ဦးသောင်းထွန်း အစည်းအဝေးပြီးဆုံးသည်ထိ၊
(၂၈) စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင် ခွင့် ၁ ရက်၊
(၂၉) ဆိပ်ကြီး/ခနောင်တိုမဲဆန္ဒနယ်မှ ဦးတင်ထွန်းနိုင် ခွင့် ၁ ရက်၊
(၃၀) မရမ်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်မေဝင်းမြင့် ခွင့် ၃ ရက်နှင့်
(၃၁) စမ်းချောင်းမဲဆန္ဒနယ်မှ ဦးဘိုဘိုကြီး ခွင့် ၁ ရက်တို့ဖြစ်ပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၁၁ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၃၁ ဦး စုစုပေါင်းခွင့်ပန်ကြားသူ ၄၂ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၀ ဦး၊ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၁ ဦး၊ ယနေ့ခွင့်ပြုထားသူ ၃၁ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၄၂ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ၊ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါ့မယ်။

**မူကြမ်း**

**ရမ်းဗြဲမြို့နယ်၊ လေးတောင်နယ်ဒေသရှိ ဆန်တင်မော်ဆိပ်ကမ်းနှင့် ကျောက်ဦးမော်ဆိပ်ကမ်းနေ ရေလုပ်သားများအတွက် မုန်တိုင်းအန္တရာယ်ကျရောက်လာပါက ခိုနားနိုင်ရန် ဘက်စုံသုံးမုန်တိုင်းဒဏ်ခံ အဆောက်အဦ(Multi Purpose Cyclone Shelter) တစ်လုံးစီဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ရမ်းဗြဲမဲဆန္ဒနယ်မှ ဦးကျော်ရွှေ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကျော်ရွှေ(ရမ်းဗြဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ ရမ်းဗြဲမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကျော်ရွှေ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီကနေ့ မေးမြန်းသွားမယ့် မေးခွန်း ကတော့ ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ် လေးတောင်နယ်ဒေသရှိ ဆန်တင်မော်ဆိပ်ကမ်းသည် ရေလုပ်သားများအတွက်နဲ့ ကျောက်ဦးမော်ဆိပ်ကမ်းသည် ရေလုပ်သားများအတွက် မုန်တိုင်း အန္တရာယ်ကျရောက်လာပါက ခိုနားနိုင်ရန် ဘက်စုံသုံးမုန်တိုင်းဒဏ်ခံအဆောက်အဦ (Multi Purpose Cyclone Shelter) တစ်လုံးစီ တည်ဆောက်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းတဲ့မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ရမ်းဗြဲမြို့နယ်ဟာ ပင်လယ် မြစ်ချောင်းများဝိုင်းပတ်ထားသော ရမ်းဗြဲကျွန်းပေါ်တွင်တည်ရှိတဲ့ မြို့နယ်တစ်ခုဖြစ်ပါတယ်။ ရမ်းဗြဲ မြို့နယ်ရှိ လူအများစုမှာ လယ်ယာလုပ်ငန်းဖြင့် အသက်မွေးသူများဖြစ်ကြပြီး ကျန်လူအများစုကတော့ ရေလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများဖြစ်ကြပါတယ်။ ရခိုင်ပြည်နယ်ရှိ ရေလုပ်ငန်း လုပ်ကိုင်သူများအနက် ရမ်းဗြဲမြို့နယ်၊ လေးတောင်နယ်ဒေသရှိ ဆန်တင်မော်ဆိပ်ကမ်းမှာ ရခိုင် ပြည်နယ်ရှိ ရေလုပ်ငန်း လုပ်ကွက်များအနက် ကြီးမားသောလုပ်ကွက်တစ်ခုဖြစ်ပါတယ်။ လေးတောင် နယ်ဒေသရှိ ကျောက်ဦးမော်ရေလုပ်ငန်းလုပ်ကွက်မှာလည်း ဒေသနေရေလုပ်သားများ မှီခိုအသက်မွေး နေရတဲ့ ရေလုပ်ငန်းလုပ်ကွက်တစ်ခုဖြစ်ပါတယ်။ လေးတောင်နယ်ဒေသရှိ ဆန်တင်မော်ဆိပ်ကမ်းသို့ ရေလုပ်ငန်းများလုပ်ကိုင်နိုင်ရန် ရခိုင်ပြည်နယ်မြို့နယ်အသီးသီးမှ အိမ်ထောင်စုများ ရွှေ့ပြောင်း လာရောက်လုပ်ကိုင်ကြပြီး အခြေချနေထိုင်လာကြသည်ကို မြင်တွေ့နေရပါတယ်။ ဆန်တင်မော် ဆိပ်ကမ်းတွင် အိမ်ခြေ ၁၅ဝ ခန့်နှင့် လူဦးရေ ၇ဝဝ ကျော်ခန့်မှာ အမြဲတမ်းနေထိုင်လျက်ရှိပြီး ဆန်တင်မော်ဆိပ်ကမ်း၏ တစ်ဖက်ကမ်းရှိ ကျောက်ဖြူမြို့နယ်၊ ကင်းဖက်ဆိပ်ကမ်းတွင်လည်း အိမ်ခြေ ၁ဝဝ ခန့်နှင့် လူဦးရေ ၅ဝဝ ခန့်မှာ ငါးလုပ်ငန်းရာသီတွင် နေထိုင်လုပ်ကိုင်လျက်ရှိကြောင်း တွေ့ရှိရပါ တယ်။ ဆန်တင်မော်ဆိပ်ကမ်းနှင့် ၅ မိုင်ခန့်အကွာတွင် တည်ရှိသော ကျောက်ဦးမော်ဆိပ်ကမ်းတွင် လည်း အိမ်ခြေ ၁ဝဝ ခန့်ရှိပြီး လူဦးရေ ၅ဝဝ ခန့်နေထိုင်လုပ်ကိုင်လျက်ရှိသော ရေလုပ်ငန်းဆိပ်ကမ်း တစ်ခုဖြစ်ပါတယ်။ ဆန်တင်မော်ဆိပ်ကမ်းမှာ ဘင်္ဂလားပင်လယ်ကမ်းခြေနှင့် ကိန်းချောင်းဝတွင် တည်ရှိပြီး ငါးဖမ်းစက်လှေများ အချိန်မရွေးဝင်ထွက်သွားလာနိုင်သော ဆိပ်ကမ်းဖြစ်သဖြင့် ရေလုပ်သားများ တစ်နေ့ထက်တစ်နေ့ များပြားဝင်ရောက်လာသော ဆိပ်ကမ်းတစ်ခုဖြစ်ပါတယ်။ ဤဆန်တင်မော်ဆိပ်ကမ်းနှင့် ကျောက်ဦးမော်ဆိပ်ကမ်းတို့မှာ ပင်လယ်ကမ်းခြေဒေသများဖြစ်ပြီး

တောင်ကုန်း၊ တောင်တန်းများ လုံးဝမရှိသောဒေသဖြစ်သဖြင့် မုန်တိုင်းအန္တရာယ်ကျရောက်လာသော အခါ ခိုနားနိုင်မည့်နေရာမရှိဖြစ်နေရပါတယ်။ ယခင်ကာလများက ဤဒေသတွင် မုန်တိုင်းကျရောက် ခဲ့စဉ်က ဤဒေသသို့ လာရောက်လုပ်ကိုင်ကြသော သံတွဲမြို့နယ်၊ မာန်အောင်မြို့နယ်တို့မှ ကျောပိုက် လုပ်သားများ သေဆုံး၊ ပျောက်ဆုံးမှုများရှိခဲ့ပြီး ကုန်းပေါ်တွင်ကျန်ရှိနေခဲ့သော မိသားစုများမှာလည်း ခိုနားရာမဲ့ဖြစ်နေခဲ့ကြပါတယ်။ တင်ပြပါဆိပ်ကမ်းအခြေအနေများကို ရှင်းလင်းစွာသိမြင်နိုင်ရန်အတွက် Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။ ဒါကတော့ ဆန်တင်မော်ဆိပ်ကမ်းရဲ့ပုံဖြစ်ပါတယ်။ ဒါလည်းပဲ ဆန်တင်မော်ဆိပ်ကမ်းပါ။ ဒါက ဆန်တင်မော်ဆိပ်ကမ်းရဲ့အိမ်ခြေတွေဖြစ်ပါတယ်။ ဒါက ကျောက်ဖြူ မြို့နယ်ရဲ့ ကင်းဖက်ဆိပ်ကမ်းဖြစ်ပါတယ်။ ဒါကတော့ ကျောက်ဦးမော်ဆိပ်ကမ်းဖြစ်ပါတယ်။ ဒါလည်းပဲ ကျောက်ဦးမော်ဆိပ်ကမ်းဖြစ်ပါတယ်။ ရေလုပ်သားတွေရဲ့ပုံဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ ယခုအခါ မိုးလေဝသသတင်းထုတ်ပြန်ချက်များကို အချိန်နှင့်တစ်ပြေးညီသိရှိနိုင်ပြီး ကြိုတင် ပြင်ဆင် ဆောင်ရွက်မှုများ ပြုလုပ်နိုင်မည်ဖြစ်သဖြင့် မုန်တိုင်းအန္တရာယ်ကျရောက်လာသောအခါ အကာ အကွယ်မဲ့နေသော ဆန်တင်မော်ဆိပ်ကမ်းသည် ရေလုပ်သားများနှင့် ကျောက်ဦးမော်ဆိပ်ကမ်းသည် ရေလုပ်သားမိသားစုများ ဘေးအန္တရာယ်ကင်းစွာ ခိုနားနိုင်စေရန်အတွက် မုန်တိုင်းဒဏ်ခံအဆောက် အဦ (Multi Purpose Cyclone Shelter) တစ်လုံးစီတည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိကို ဒေသနေရေလုပ်သားများကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးစိုးအောင်(ဒုတိယဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်များ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာ ချမ်းသာကြပါစေလို့ ဦးစွာဆုမွန်ကောင်းတောင်းအပ်ပါတယ်ခင်ဗျား။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဒုတိယဝန်ကြီး ဦးစိုးအောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရခိုင်ပြည်နယ်၊ ရမ်းဗြဲမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ရွှေရဲ့ ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၊ လေးတောင်နယ်ဒေသရှိ ဆန်တင်မော်ဆိပ်ကမ်းနေ ရေလုပ်သားများအတွက်နှင့် ကျောက်ဦးမော်ဆိပ်ကမ်းနေ ရေလုပ်သားများအတွက် မုန်တိုင်းအန္တရာယ်ကျရောက်လာပါက ခိုနား နိုင်ရန် ဘက်စုံသုံး မုန်တိုင်းဒဏ်ခံအဆောက်အဦတစ်လုံးစီ ဆောက်လုပ်ပေးရန်အစီအစဉ်ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့ရဲ့ဖြေကြားချက်များကို ပေါင်းစပ်ဖြေကြားသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုနိုင်ပါရန် တင်ပြအပ်ပါတယ်။ ရခိုင် ပြည်နယ်ဟာ ရေမြေသဘာဝအနေအထားအရ ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်မှာတည်ရှိပြီး မုန်တိုင်းအန္တရာယ်ကို နှစ်စဉ်တွေ့ကြုံနေရတဲ့ဒေသဖြစ်တဲ့အတွက် ပြည်နယ်အတွင်းရှိ မုန်တိုင်း

မူကြမ်း

အန္တရာယ်ကျရောက်နိုင်သော နေရာတွေမှာ ရေဘေးဒဏ်ခံ ဘက်စုံသုံးခိုလှုံရာအဆောက်အဦများကို ဆောက်လုပ်ပေးခဲ့ရာမှာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အထိ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေ၊ ဝန်ကြီးဌာနဘတ်ဂျက်ရန်ပုံငွေနှင့် ပြည်နယ်အစိုးရအဖွဲ့အစီအစဉ်တို့ဖြင့် မြေပုံ၊ ပေါက်တော၊ တောင်ကုတ်၊ မာန်အောင်၊ အမ်း၊ စစ်တွေ၊ မင်းပြား၊ ကျောက်ဖြူမြို့နယ်တို့မှာ Shelter စုစုပေါင်း ၂၄ လုံးကို ဆောက်လုပ်ပေးခဲ့ပြီးဖြစ်ပါတယ်။ အခုအခါမှာ ဆက်လက်ပြီးတော့မှ ၂၀၁၈ ခုနှစ်အတွက် Cyclone Shelter များကို စစ်တွေမြို့နယ်မှာ သုံးလုံး၊ ကျောက်ဖြူမြို့နယ်မှာ လေးလုံး၊ ရမ်းဗြဲမြို့နယ်မှာ လေးလုံး၊ မာန်အောင်မြို့နယ်တွင် ရှစ်လုံး၊ မြောက်ဦးမြို့နယ်မှာ တစ်လုံး၊ မောင်တောမြို့နယ်မှာ တစ်လုံး၊ ပေါက်တောမြို့နယ်တွင် သုံးလုံး၊ တောင်ကုတ်မြို့နယ်တွင် နှစ်လုံး စုစုပေါင်း ၂၆ လုံးကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေဖြင့်လည်းကောင်း၊ စစ်တွေ၊ ပေါက်တော၊ ကျောက်ဖြူ ရမ်းဗြဲမြို့နယ်တို့မှာ လေးလုံးကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့အစီအစဉ်ဖြင့်လည်းကောင်း စုစုပေါင်း Cyclone Shelter အလုံး ၃၀ ဆောက်လုပ်ပေးမှာဖြစ်ပါတယ်။ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ရန်ပုံငွေနဲ့ ဆောက်လုပ်ပေးမယ့် ၂၆ လုံးအနက် ရမ်းဗြဲမြို့နယ်အတွက် လေးလုံးပါဝင်ခဲ့တာမှာ ပင်ပေါင်းချောင်း၊ သစ်ကနက်၊ မန်ဂျင်းနက်၊ စက္ကူကျွန်း၊ ရေခေါင်းချောင်းကျေးရွာတို့မှာ စတင် ဆောက်လုပ်လျက်ရှိပါတယ်။ ဒါ့အပြင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့အစီအစဉ်နဲ့ ရမ်းဗြဲမြို့နယ်၊ အောင်လှပြင်ကျေးရွာမှာ ဆောက်လုပ်လျက်ရှိတဲ့ Cyclone Shelter က ၈၅ ရာခိုင်နှုန်း ဆောက်လုပ် ပြီးစီးပြီဖြစ်ပါတယ်။ ထပ်မံ၍ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးမေးမြန်ထားတဲ့ လေးတောင်နယ် ဒေသ ဆန်တင်မော်ဆိပ်ကမ်းဟာ ရမ်းဗြဲမြို့နယ်၊ ဇရပ်ပြင်ကျေးရွာအုပ်စု၊ နဂါးကျေးရွာ၊ ပြင်ချောင်းဝ ပင်လယ်ကမ်းခြေမှာတည်ရှိပြီး ကျောက်ဦးမော်ဆိပ်ကမ်းမှာ ဇရပ်ပြင်ကျေးရွာ၊ ဆန်တင်မော်ဆိပ်ကမ်း နဲ့ ၇ မိုင်ခန့်အကွာ ပင်လယ်ကမ်းခြေမှာတည်ရှိတဲ့ ရေလုပ်ငန်းလုပ်ကိုင်နေကြသော ဆိပ်ကမ်းတွေ ဖြစ်ပါတယ်။ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ကျောက်ဖြူခရိုင်၊ ဦးစီးမှူးရုံးကနေပြီးတော့မှ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၇ ရက်နေ့မှာ ကွင်းဆင်းဆောင်ရွက်ချက်အရ ဆန်တင်မော်နှင့် ကျောက်ဦး မော်ဆိပ်ကမ်းတို့မှ ရခိုင်ပြည်နယ်အစိုးရအဖွဲ့အစီအစဉ်ဖြင့် ဆောက်လုပ်လျက်ရှိတဲ့ အောင်လှပြင် ကျေးရွာ Cyclone Shelter သို့ သွားလိုလျှင် ဇရပ်ပြင်ကျေးရွာမှတစ်ဆင့် ကျောက်ချောလမ်းဟောင်း အတိုင်း ခြေလျင်နှင့် သုံးနာရီခွဲခန့် ဆိုင်ကယ်ဖြင့် တစ်နာရီခန့် သွားလာရကြောင်း သိရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တင်ပြပါမှတ်တမ်းဓာတ်ပုံများကတော့ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာန ကျောက်ဖြူခရိုင်ဦးစီးရုံးမှ တာဝန်ရှိသူများက ဆိပ်ကမ်းနေရာ နှစ်နေရာကို သွားရောက် စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံများဖြစ်ပါတယ်။ ပုံ(၂)ပါ ကျောက်ချောလမ်းအတိုင်း ဇရပ်ပြင်မှ အောင်လှပြင်ကျေးရွာသို့လည်း သွားရောက်နိုင်တာကို တွေ့ရှိရမှာဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ ဆန်တင်မော်ဆိပ်ကမ်းနှင့် ကျောက်ဦးမော်ဆိပ်ကမ်းတို့ဟာ ရေလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်း လုပ်ကိုင်လျက်ရှိကြရာမှာ ဆန်တင်မော်ဆိပ်ကမ်းမှာ အိမ်ခြေ ၁၅၀ ခန့် လူဦးရေ ၇၀၀ ကျော်ခန့်နှင့် ကျောက်ဦးမော်ဆိပ်ကမ်းမှာ အိမ်ခြေ ၁၀၀ ခန့် လူဦးရေ ၅၀၀ ခန့်ရှိပြီး ပွင့်လင်းရာသီမှာ ရေလုပ်ငန်း လုပ်ကိုင်သူဦးရေမှာ ယခုထက်ပိုမိုများပြားစွာ နေထိုင်လျက်ရှိကြောင်း သိရှိရပါတယ်။ လွှတ်တော် ကိုယ်စားလှယ်ကြီးကလည်း တင်ပြသွားပြီးဖြစ်ပါတယ်။ အဆိုပါ ဆိပ်ကမ်းနှစ်ခုရှိ ရေလုပ်သားများရဲ့

နေထိုင်ရာနေရာမှာ ပင်လယ်ကမ်းခြေနှင့်နီးကမ်းစွာတည်ရှိပြီး ဇရပ်ပြင်ကျေးရွာအုပ်စုရှိ ကုန်းတွင်းပိုင်း ကျေးရွာများနှင့် ၆ မိုင်လောက်ဝေးကွာခြင်း၊ အနီးပတ်ဝန်းကျင်ရှိ တောင်ကုန်းတောင်တန်းများ မရှိခြင်း၊ သဘာဝဘေးအန္တရာယ်ကျရောက်တဲ့အခါမှာ ပြောင်းရွှေ့ခိုနားနိုင်ရန် အဆောက်အဦများမရှိခြင်းတို့ ကြောင့် အဲဒီဒေသမှာရှိတဲ့ ရေလုပ်သားများနှင့် မိသားစုဝင်များ ဘေးအန္တရာယ်ကင်းရှင်းစွာ ခိုလှုံနိုင် ရန်အတွက် ဆန်တင်မော်ဆိပ်ကမ်းနှင့် ကျောက်ဦးမော်ဆိပ်ကမ်းတို့အနီးမှာ ရခိုင်ပြည်နယ်အစိုးရ အဖွဲ့မှ စိစစ်ရွေးချယ်ပေးတဲ့ သင်လျော်တဲ့မြေနေရာမှာ ဘက်စုံသုံးမုန်တိုင်းဒဏ်ခံအဆောက်အဦ တစ်လုံးကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ရန်ပုံငွေဖြင့် ဦးစားပေးဆောက်လုပ်နိုင်ရေးစီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြား အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဝိန်းနောင်-ပန်ကြို-မိုက်ဟုန်း-လွယ်ကျန့်-ပန်ဝေါ့-ရောင်အူကြီး မြေသားလမ်း ၁၄ မိုင်တွင် ဆက်လက် ဖောက်လုပ်ရန် ကျန်ရှိသည့် ပန်ဝေါ့-လွယ်ကျန့်-မိုက်ဟုန်း မြေသားလမ်း ၆ မိုင်နှင့် မန်ကောင်း-နော်ဝ မြေသားလမ်း ၇ မိုင်တို့အား ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မက်မန်းမဲဆန္ဒနယ်မှ ဦးတင်အေး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးတင်အေး(မက်မန်းမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မက်မန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်အေး ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မက်မန်းမြို့နယ်ဟာ ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှာပါဝင်ပြီးတော့ အစွန်အဖျားမှာတည်ရှိပြီး အကျယ်အဝန်းအနေနဲ့ စတုရန်းမိုင်ပေါင်း ၁၁၆၈.၂၃ မိုင်နှင့် ဧရိယာ ဧကအနေနဲ့ ၇၄၇၆၆၆ ဧကကျယ်ဝန်းပြီး မြေပြန့်လွင်ပြင် နည်းပါးပြီး တောင်တန်းထူထပ်တဲ့မြို့နယ်ဖြစ်ပါတယ်။ သွားလာရေးခက်ခဲတဲ့ဒေသလည်း ဖြစ်ပါတယ်။ ပင်လယ်ရေမျက်နှာပြင်အမြင့် ပေ ၅၁၈၀ မှာတည်ရှိတဲ့မြို့ဖြစ်ပြီး အစစအရာရာဖွံ့ဖြိုးတိုးတက်မှု နောက်ကျနေတဲ့မြို့လည်းဖြစ်ပါတယ်။ မက်မန်းမြို့နယ်မှာ ရပ်ကွက်ကြီးနှစ်ခု၊ ကျေးရွာအုပ်စု ၁၁ အုပ်စု၊ ကျေးရွာပေါင်း ၉၇ ရွာ၊ အိမ်ထောင်စု ၄၀၇၅ စု၊ အိမ်ခြေ ၃၈၈၃ ရှိပြီး ရှမ်းလူမျိုး၊ လားဟူလူမျိုး၊ လယ်လ၊ ဝလူမျိုးနှင့် ဗမာလူမျိုးများ အများစုမှီတင်းနေထိုင်လျက်ရှိပါတယ်။ လူဦးရေနဲ့ဆိုရင် ၂၃၈၀၄ ဦးရှိပါတယ်။ အများစုဟာ တောင်ယာလုပ်ငန်းကို အဓိကထားလုပ်ကိုင်ကြပြီးတော့ ဒေသထွက် ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ရာမှာ မိုင်းပျဉ်း-မက်မန်းလမ်းကို အဓိကထားလုပ်ကိုင်လျက်ရှိကြပါ တယ်။ မြို့နယ်ချင်းဆက်လမ်းအနေနဲ့လည်း မိုင်းပျဉ်း-မက်မန်းလမ်းတစ်ခုတည်းသာ ရှိပါတယ်။ ကျွန်တော့်အနေနဲ့ လွှတ်တော်နားနေချိန်မှာ ရွေးကောက်ခံနယ်မြေကို သွားရောက်ခဲ့ပြီး ဒေသခံ မြို့မိမြို့ဖများ၊ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဒေသခံပြည်သူလူထုများနှင့် တွေ့ဆုံခဲ့ပြီး ဒေသ လိုအပ်ချက်ကို မေးတဲ့အချိန်မှာ အများဆုံးကျေးရွာချင်းဆက်လမ်းများကို တင်ပြကြတာ တွေ့ရပါတယ်။ အမှန်တကယ်လည်း မက်မန်းမြို့နယ်အတွင်းမှာရှိတဲ့ ကျေးရွာအများစုဟာ ကျေးရွာချင်းသွားလာ ရာမှာ လူသွားလမ်းကို မော်တော်ဆိုင်ကယ်စီးနင်းပြီးတော့ သွားလာနေကြရပြီး ဒေသထွက်ကုန်များကို လည်း ကျေးရွာများမှ မော်တော်ဆိုင်ကယ်နဲ့ မိုင်းပျဉ်း-မက်မန်းလမ်းမအထိရောက်အောင် သယ်ယူ ပို့ဆောင်လျက်ရှိနေကြပါတယ်။

**မူကြမ်း**

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုပါ။ တင်ပြပါပုံကတော့ ဝိန်းနောင်-ပန်ကြုံ-မိုက်ဟုန်း-လွယ်ကျန့်-ပန်ဝေ့-ရောင်အူကြီး မြေသားလမ်း ၁၄ မိုင်ရှိပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ နယ်စပ်ရေးရာဝန်ကြီးဌာနရန်ပုံငွေက မြေသားလမ်း ၈ မိုင် ခွင့်ပြုခဲ့ပါတယ်။ အဲဒီလိုခွင့်ပြုတဲ့အခါမှာ ဝိန်းနောင်-ပန်ကြုံ-မိုက်ဟုန်းဆိုပြီးတော့ ၄ မိုက်ဖောက်လုပ်ပြီးဖြစ်သလို ရောင်အူကြီး-ပန်ဝေ့ ၄ မိုင်ဆိုပြီးတော့ ဖောက်လုပ်ခဲ့ပါတယ်။ ခွင့်ပြုတဲ့ ၈ မိုင်မှာ လမ်းဟိုဘက်ထိပ်၊ ဒီဘက်ထိပ် ၄ မိုင်စီ ဖောက်လုပ်ပြီးတော့ အဲဒီရွာအလယ်ကြားမှာ ၆ မိုင်က လစ်ဟာနေပါတယ်။ တစ်ဆက်တည်းမဖောက်လုပ်တဲ့အတွက် ဟိုဘက်ထိပ်၊ ဒီဘက်ထိပ်ဖောက်လုပ်တဲ့အတွက် အလယ်မှာ ပန်ဝေ့-လွယ်ကျန့်-မိုက်ဟုန်းဆိုပြီးတော့ ၆ မိုင် ကျန်ရှိနေတဲ့အတွက် အလယ်မှာလွတ်ပြီး တစ်ဆက်တည်းမမိနေတဲ့နေရာကို တင်ပြတောင်းခံမှာဖြစ်ပါတယ်။ နောက်တစ်လမ်းကတော့ မန်ကောင်း-နော်ဝ မြေသားလမ်း ၇ မိုင် တင်ပြတောင်းခံခြင်းပဲဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာမှာ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှုဟာလည်း အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသဖြင့် အထက်ဖော်ပြပါလမ်းများဖောက်လုပ်ပြီးပါက ကျေးရွာနေပြည်သူလူထုတိုင်းရင်းသားများရဲ့ ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးတို့ကို များစွာအထောက်အကူပြုမှာဖြစ်တဲ့အတွက် မြို့နယ်ပြည်သူလူထုရဲ့ကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးချင်တဲ့မေးခွန်းကတော့ ဝိန်းနောင်-ပန်ကြုံ-မိုက်ဟုန်း-လွယ်ကျန့်-ပန်ဝေ့-ရောင်အူကြီး မြေသားလမ်း ၁၄ မိုင်တွင် ဆက်လက်ဖောက်လုပ်ရန်ကျန်ရှိနေတဲ့ ပန်ဝေ့-လွယ်ကျန့်-မိုက်ဟုန်း မြေသားလမ်း ၆ မိုင်နဲ့ မန်ကောင်း-နော်ဝ မြေသားလမ်း ၇ မိုင်တို့ကို ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုတဲ့မေးခွန်းပဲဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ နယ်စပ်ရေးရာဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဗိုလ်ချုပ်သန်းထွဋ်(ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်ဖြစ်ပါတယ်။ ရှမ်းပြည်နယ်၊ မက်မန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်အေးရဲ့ ဝိန်းနောင်-ပန်ကြုံ-မိုက်ဟုန်း-လွယ်ကျန့်-ပန်ဝေ့-ရောင်အူကြီး မြေသားလမ်း ၁၄ မိုင်တွင် ဆက်လက်ဖောက်လုပ်ရန် ကျန်ရှိနေသည့် ပန်ဝေ့-လွယ်ကျန့်-မိုက်ဟုန်း မြေသားလမ်း ၆ မိုင်နှင့် မန်ကောင်း-နော်ဝ မြေသားလမ်း ၇ မိုင်တို့အား ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်းအပေါ်မှာ ပြန်လည်ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ် မေးမြန်းထားတဲ့ မက်မန်းမြို့နယ် ဝိန်းနောင်-ပန်ကြုံ-မိုက်ဟုန်း-လွယ်ကျန့်-ပန်ဝေ့-ရောင်အူကြီး ၁၄ မိုင်အနက် ဝိန်းနောင်မှ ပန်ကြုံ ၄ မိုင်နှင့် ရောင်အူကြီးမှ ပန်ဝေ့ ၄ မိုင် စုစုပေါင်း ၈ မိုင်ကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ရှမ်းပြည်နယ်အစိုးရ ခွင့်ပြုရန်ပုံငွေဖြင့် မြေလမ်း၊ ကျောက်လမ်း တစ်ပြိုင်တည်းဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါတယ်။ ပန်ဝေ့-လွယ်ကျန့်-မိုက်ဟုန်းလမ်း ၆ မိုင် ဆက်လက်ဆောင်လုပ်ရန် ကျန်ရှိနေပါတယ်။ အဆိုပါကျန်ရှိနေတဲ့ ပန်ဝေ့-လွယ်ကျန့်-

မိုက်ဟုန်းလမ်းပိုင်း ၆ မိုင်နှင့် မန်ကောင်း-နော်ဝလမ်း ၇ မိုင်တို့အား လက်ရှိမှာ ဆိုင်ကယ်သာသွားလာနိုင်သည့် လမ်းအဆင့်သာ ရှိသဖြင့် မြေသားလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ရန် လိုအပ်လျက်ရှိကြောင်းလည်း တွေ့ရှိရပါတယ်။ သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်မေးမြန်းထားတဲ့ လမ်းပိုင်းနှစ်ခုကို မြေလမ်းအဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရေးနှင့်စပ်လျဉ်းပြီးတော့ ဝ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ရဲ့ အသေးစိတ်ကွင်းဆင်းလေ့လာတင်ပြချက်အပေါ်မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့က စိစစ်ပြီးလိုအပ်သလို ရန်ပုံငွေတင်ပြလာမယ်ဆိုလို့ရှိရင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှစတင်ပြီး ပြည်ထောင်စုသို့မဟုတ် ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းမှ ဦးစားပေးအစီအစဉ်ဖြင့် အပိုင်းလိုက်လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

**ဘောလခဲမြို့တွင် နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဖွင့်လှစ်သော ပညာလေ့ကျင့်ရေးကျောင်းမှ ကျောင်းသားများခေါ်ယူရာတွင် မြို့နယ်အလိုက် အချိုးမျှတမှုမရှိသလို ပွင့်လင်းမြင်သာမှုမရှိပါသဖြင့် မည်ကဲ့သို့မူဝါဒများချမှတ်၍ ခေါ်ယူနေသည်ကို သိရှိလိုခြင်းနှင့် နောက်နောင်ခေါ်ယူရာတွင် မြို့နယ်အလိုက် အချိုးကျခေါ်ယူပေးရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဖားဆောင်းမဲဆန္ဒနယ်မှ ဒေါ်နန်းထွေးသူ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်နန်းထွေးသူ(ဖားဆောင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်အားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေ။ ကျွန်မကတော့ ကယားပြည်နယ်၊ ဖားဆောင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းထွေးသူ ဖြစ်ပါတယ်။ ကျွန်မ ဒီနေ့မေးမယ့်မေးခွန်းကတော့ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းနှင့်ပတ်သက်ပြီး မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်းသည် ကျွန်မတို့ ကယားပြည်နယ် ဘောလခဲခရိုင်၊ ဘောလခဲမြို့တွင် ၁-၆-၂၀၁၅ ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့သည်ဟု သိရှိရပါတယ်။ ရည်ရွယ်ချက်အနေဖြင့် တိုင်းရင်းသားလူငယ်များသည် ပညာရှာမှီးရင်းတိုင်းရင်းသားအချင်းချင်း ပိုမိုစည်းလုံးချစ်ခင်တဲ့ ပြည်ထောင်စုစိတ်ဓာတ်ခိုင်မြဲသည့် လူငယ်များဖြစ်လာစေရန်၊ နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ၏ လူနေမှုအဆင့်အတန်းမြင့်မားရေးအတွက်ဆောင်ရွက်လိုသည့်စိတ်ဓာတ်များ မွေးမြူပေးရန်၊ ပညာရပ်များတတ်မြောက်၍ ကျောင်းဆင်းပြီးသွားပါက မိမိတို့ဒေသတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများ ပြန်လည်ဆောင်ရွက်ရန်ဆိုတဲ့ ရည်ရွယ်ချက်ကောင်းများဖြင့် ကျောင်းသားများခေါ်ယူပညာသင်ပေးခြင်းဖြင့် ဖွံ့လှစ်ထားတာကိုလည်း ဝန်ကြီးဌာနကို များစွာကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်။ သို့သော် တကယ့်တိုင်းရင်းသားများနှင့် တကယ်ဒုက္ခရောက်နေတဲ့ကလေးတွေ တက်ရောက်ခွင့်ရနိုင်ဖို့ကိုလည်း ဝန်ကြီးဌာနအနေနဲ့ သေချာစိစစ်၍ပြန်လည်သုံးသပ်ခေါ်ယူသင့်ပါကြောင်း အကြံပြုလိုပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ကျောင်းသားများကို နှစ်စဉ်ကျောင်းကြီးကြပ်ရေးကော်မတီမှ ကျောင်းမဖွင့်မီခေါ်ယူခဲ့သည်ဟုသိရှိခဲ့ရသော်လည်း ကျွန်မမဲဆန္ဒနယ်မှာဆိုရင် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် လွှတ်တော်

ကိုယ်စားလှယ်များက လုံးဝမသိရှိခဲ့ရပါ။ မည်ကဲ့သို့သော မူဝါဒများချမှတ်၍ ခေါ်ယူနေသည်ကို မသိရှိခဲ့ရသလို ပွင့်လင်းမြင်သာမှုမရှိဘဲ ခေါ်ယူခဲ့ခြင်းကြောင့် နယ်စပ်ဒေသ တကယ့်တိုင်းရင်းသားများနှင့် မိဘမဲ့ဆင်းရဲသားကလေးများမပါရှိသည်ကိုလည်း စိတ်မကောင်းခြင်းများစွာနဲ့ တွေ့မြင်နေရပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ တက်ရောက်ခွင့်ရှိသည့်ကျောင်းသားများသည် တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်သူ ကျောင်းသားများအား အဆင့်မြင့်တက္ကသိုလ်ပညာရပ်များ သင်ကြားပေးနိုင်ရန် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်)၊ (စစ်ကိုင်း)သို့ တက်ရောက်စေခြင်း၊ ကျောင်းသူများအား သူနာပြုသားဖွားသင်တန်း၊ ဖွံ့ဖြိုးရေးတက္ကသိုလ် B.Ed ငါးနှစ်သင်တန်းကို တက်ရောက်နိုင်မည့်အခွင့်အလမ်းများစွာရှိတဲ့အတွက် မဖွံ့ဖြိုးသော နယ်စပ်ဒေသတိုင်းရင်းသားကလေးငယ်များကို အဓိကဦးစားပေးတက်ရောက်စေချင်ပါတယ်။ ယခုလိုကျောင်းသားများခေါ်ယူရာတွင်လည်း ဝင်ခွင့်စာမေးပွဲခေါ်ယူတဲ့စနစ်ဖြင့် ခေါ်ယူခဲ့ခြင်းဖြစ်သဖြင့် တောရွာမှာနေခဲ့၍ ပညာရေးမကောင်းခဲ့သော အဘက်ဘက်မှအဆင်မပြေတဲ့ မိဘမဲ့ကလေးများအတွက် ရုတ်တရက်စာမေးပွဲပြန်ဖြေခိုင်းတော့ မဖြေနိုင်ဘဲတက်ရောက်ခွင့်မရကြပါဘူး။ မြို့ထဲတွင်နေပြီး ၎င်းဝင်ခွင့်ဖြေဆိုရန်ကျူရှင်တက်ရောက်ပြီး ဖြေဆိုသောကလေးများသာ စာမေးပွဲအောင်ပြီး တက်ရောက်ခွင့်ရရှိတာဖြစ်တဲ့အတွက် ကျောင်းရဲ့ရည်ရွယ်ချက်နဲ့ကွဲလွဲနေတာကို ဝန်ကြီးဌာနအနေနဲ့ ပြန်လည်စဉ်းစားသင့်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ Power Point အသုံးပြုခွင့်ပေးပါရှင်။ ဥက္ကဋ္ဌကြီးရှင်။ Power Point တွင်တွေ့ရှိရတဲ့အတိုင်း ကျွန်မတို့ ဘောလခဲခရိုင်၊ ဘောလခဲမြို့မှာ ကျောင်းသားဦးရေဟာဆိုရင် ၉၉ ဦးရှိပြီး အခြားမြို့နယ်မှ ကျောင်းသားဦးရေအချိုးနဲ့ လုံးဝကွာခြားနေတာကိုတွေ့ရပါတယ်။ ကျွန်မမဲဆန္ဒနယ်မှာဆိုရင် ကျောင်းသားဦးရေ ၁၄ ဦးသာ တက်ရောက်ခွင့်ရှိပြီး မယ်စဲမြို့နယ်မှာဆိုရင် ၁၃ ဦးသာတက်ရောက်ခွင့်ရှိတာကို တွေ့နေရပါတယ်။ ဒါဟာလုံးဝမဖြစ်သင့်ပါဘူး။ တန်းတူညီမျှအခွင့်အရေးမရရှိသလို မြို့နယ်အလိုက် အချိုးမျှတမှုမရှိတာကိုလည်း တွေ့ရပါတယ်။ လူမျိုးအနေနဲ့ ကြည့်မယ်ဆိုရင်လည်း အချိုးညီမျှမှုမရှိတာကိုတွေ့ရပါတယ်။ အမည်ခံတိုင်းရင်းသားများအဖြစ်ထည့်ထားတာကိုလည်း သိရှိရပါတယ်။ တိုင်းရင်းသားအချင်းချင်းလည်း စိတ်ဝမ်းကွဲမှုကို ဖြစ်စေခဲ့ပါတယ်။ ဒါကတော့ ကျွန်မတို့ဖားဆောင်းမြို့နယ်မှာ ၂၀၁၅ ခုနှစ်မှ ၂၀၁၈ ခုနှစ်ထိ တက်ရောက်တဲ့ကျောင်းသားဦးရေစာရင်း ၁၇ ဦးပါ။ ဒါကတော့ ဘောလခဲမြို့မှာရှိတဲ့ ပညာလေ့ကျင့်ရေးဦးစီးဌာနကျောင်းပါ။ ဒါကတော့ ပညာလေ့ကျင့်ရေးဦးစီးဌာနကျောင်းမှ ကျောင်းသားကျောင်းသူ စုစုပေါင်း ၁၆၆ ဦးပါ။ ဒါကတော့ ကျောင်းမှာ အားကစားလေ့ကျင့်မှုပါ။ ဒါကတော့ ကျွန်မမဲဆန္ဒနယ်မြေဖြစ်တဲ့ မော်ချီးဒေသမှာရှိတဲ့ မိဘမဲ့ပြီးဆင်းရဲချို့တဲ့နေတဲ့ ကျောင်းသားကျောင်းသူတွေက ဘော်ဒါဆောင်မှာတက်ရောက်ပြီး ပညာသင်ကြားနေတဲ့ကျောင်းသားကျောင်းသူတွေဖြစ်ပါတယ်။ ဒီလိုအခွင့်အရေးများစွာရှိတဲ့ကျောင်းမျိုးကို သူတို့အနေနဲ့လည်း တက်ရောက်ချင်ပါတယ်။ ဒါပေမဲ့ တကယ်နယ်စပ်ဒေသမှာရှိတဲ့ မိဘမဲ့တိုင်းရင်းသားကလေးတွေက တက်ရောက်ရခြင်းမရှိဘဲနဲ့ ဝန်ကြီးဌာနရဲ့ရည်ရွယ်ချက်နဲ့ လွဲမှားနေတာကိုလည်း ဝန်ကြီးဌာနအနေနဲ့လည်း ပြန်လည်သုံးသပ်သင့်ပါတယ်။

**မူကြမ်း**

ဥက္ကဋ္ဌကြီးရှင်။ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းကို လွိုင်ကော်မြို့တွင်လည်း ဖွင့်လှစ်ထားတာဖြစ်တဲ့အတွက် လွိုင်ကော်ခရိုင် လေးမြို့နယ်မှာ လွိုင်ကော်မှာတက်စေပြီး ဘောလခဲခရိုင်မှာရှိတဲ့ သုံးမြို့နယ်ကို ဘောလခဲမှာ တက်ရောက်ခွင့်ပေးသင့်ပါတယ်။ ဖရူဆို၊ ဒီးမော့ဆိုမှာ ကျောင်းသားများတက်ရောက်စေတဲ့အတွက် ကျွန်မတို့မြို့နယ်မှာ ကျောင်းသားများ ခေါ်ယူရာတွင် အလွန်အခွင့်အရေးနည်းပါးစေခဲ့ပါတယ်။ သို့ဖြစ်ပါ၍ နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဖွင့်လှစ်ထားသော ပညာလေ့ကျင့်ရေးဦးစီးဌာနကျောင်းမှ နောက်နောင်ကျောင်းသားများခေါ်ယူရာတွင် ပွင့်လင်းမြင်သာမှုဖြင့် မြို့နယ်အလိုက်အချိုးမျှတမှုရှိစေရန်နှင့် ဒေသအလိုက် အချိုးကျခေါ်ယူခြင်းနှင့် လူမျိုးအလိုက် အချိုးကျခေါ်ယူမှုမျိုးကို ဘောလခဲခရိုင်အတွက် ၄၀ ရာခိုင်နှုန်းနှင့် မြို့နယ်အလိုက် ၃၀ ရာခိုင်နှုန်းအချိုးဖြင့် ခေါ်ယူပေးရန်အစီအစဉ်ရှိ/မရှိ။

**ဥက္ကဋ္ဌ**။ ။ နယ်စပ်ရေးရာဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်သန်းထွဋ်(ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကယားပြည်နယ်၊ ဖားဆောင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းထွေးသူရဲ့ ဘောလခဲခရိုင်၊ ဘောလခဲမြို့မှာ နယ်စပ်ရေးရာဝန်ကြီးဌာနက ဖွင့်လှစ်တဲ့ ပညာလေ့ကျင့်ရေးကျောင်းမှ ကျောင်းသားများခေါ်ယူရာတွင် မြို့နယ်အလိုက်အချိုးမျှတမှုမရှိသလို ပွင့်လင်းမြင်သာမှုမရှိပါသဖြင့် ဝန်ကြီးဌာနအနေဖြင့် မည်ကဲ့သို့မူဝါဒများချမှတ်၍ ခေါ်ယူနေသည်ကို သိရှိလိုခြင်းနှင့် နောက်နောင်ခေါ်ယူရာတွင် မြို့နယ်အလိုက် အချိုးကျခေါ်ယူပေးနိုင်ရန် အစီအစဉ်ရှိ/မရှိမေးခွန်းနှင့်ပတ်သက်၍ ပြန်လည်ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

နယ်စပ်ရေးရာဝန်ကြီးဌာနမှာ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနဟာ နယ်စပ်ဒေသရှိ တိုင်းရင်းသားလူမျိုးများ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လေ့ကျင့်ပြုစုပျိုးထောင်နိုင်ရန် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းများကို ၄၅ ကျောင်းအထိ မြန်မာနိုင်ငံတစ်နိုင်ငံလုံးမှာ ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ် မေးမြန်းထားတဲ့ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း(ဘောလခဲ)အတွက် ကျောင်းသူကျောင်းသားသစ်ထပ်မံခေါ်ယူခဲ့မှုအနေဖြင့် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်၌ ဘောလခဲမြို့နယ်မှ ၁၂ ဦး၊ ဖားဆောင်းမြို့နယ်မှ လေးဦး၊ ရွာသစ်မြို့နယ်မှ လေးဦး၊ မယ်စဲမြို့နယ်မှ သုံးဦး၊ ဒီးမော့ဆိုမြို့နယ်မှ သုံးဦး စုစုပေါင်း ကျောင်းသားကျောင်းသူအသစ် ၂၆ ဦးကိုလည်းကောင်း၊ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်၌ ဘောလခဲမြို့နယ်မှ သုံးဦး၊ ဖားဆောင်းမြို့နယ်မှ သုံးဦး၊ မယ်စဲမြို့နယ်မှ လေးဦး စုစုပေါင်း ကျောင်းသားကျောင်းသူအသစ် ၁၀ ဦးတို့ကိုလည်း စိစစ်ရွေးချယ်၍ ပညာသင်ကြားပေးလျက်ရှိပါတယ်။ ကျောင်းသားသစ်များခေါ်ယူရာမှာ မြို့နယ်တစ်မြို့နယ်ချင်းရဲ့ လူဦးရေအချိုးအစား၊ ကျောင်းဝင်ခွင့်သတ်မှတ်ချက်နှင့်ကိုက်ညီမှုစသည့် အချက်တို့ကြောင့် မြို့နယ်အားလုံးတစ်ပြေးညီတန်းတူညီတူရွေးချယ်ဖို့ ခက်ခဲပါတယ်။ မျှမျှတတစိစစ်ရွေးချယ်နိုင်ရန်အတွက် ကျောင်းကြီးကြပ်ရေးကော်မတီဖွဲ့စည်းပြီး သင်တန်းကျောင်းအိပ်ဆောင်ဝန်ဆံ့မှုအပေါ်မှာ မူတည်၍

မူကြမ်း

နှစ်စဉ်ကျောင်းသားသစ်များကို စိစစ်ရွေးချယ်ပညာသင်ကြားပေးလျက်ရှိပါတယ်။ ကော်မတီများဖွဲ့စည်းမှုအနေဖြင့် ဥက္ကဋ္ဌအဖြစ် သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး ဒေသကြီးကြပ်ရေးမှူးတွေက ဥက္ကဋ္ဌဆောင်ရွက်ပါတယ်။ အဖွဲ့ဝင်များအနေဖြင့် မြို့နယ်အုပ်ချုပ်ရေးမှူး၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ ခရိုင်တာဝန်ခံ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ အကြီးအကဲများက အဖွဲ့ဝင်အဖြစ်ဆောင်ရွက်ပြီးတော့ အတွင်းရေးမှူးအဖြစ် ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနမှ ပြည်နယ်/တိုင်းဒေသကြီးတာဝန်ခံနှင့် တွဲဖက်အတွင်းရေးမှူးအဖြစ် လူငယ်သင်တန်းကျောင်း၏ ကျောင်းအုပ်တို့ဖြင့် ဖွဲ့စည်းထားပါကြောင်း ဖြေကြားအပ်ပါတယ်။

ကျောင်းသားကျောင်းသူတွေရဲ့အရည်အချင်းသတ်မှတ်ချက်တွေကတော့ မိဘမဲ့၊ မိမဲ့၊ ဘမဲ့၊ ဆင်းရဲနွမ်းပါးသည့် ကျောင်းသားကျောင်းသူများကိုသာ ဦးစားပေးလက်ခံရန်နှင့် ပြင်ပဘော်ဒါနေကျောင်းသားများအား လက်ခံခြင်းမပြုရန်၊ ကျောင်းသားကျောင်းသူများကို လက်ခံရာတွင် ပညာအခြေခံကောင်းမွန်သူ၊ ပညာလိုလားကြိုးစားသင်ယူလိုသူများကိုသာ ဦးစားပေးရွေးချယ်စိစစ်လက်ခံရပါမယ်။ ကျန်းမာရေးကောင်းမွန်ပြီး ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်သန်းစွမ်းသူများ ဖြစ်ရမည်။ အသက်က ၁၁ နှစ်ကနေ ၁၂ နှစ်အတွင်း ပဉ္စမတန်းကျောင်းသားကျောင်းသူများ ဖြစ်ရမယ်။ ကျောင်းမှချမှတ်ထားတဲ့စည်းကမ်းချက်များကို သိရှိနားလည်ပြီးလိုက်နာနိုင်သူဖြစ်ရပါမယ်။ ပညာသင်နှစ်ကျောင်းဖွင့်ချိန်မှစ၍ စိစစ်လက်ခံရန်နှင့် ကျန်ကာလများတွင် လက်ခံခြင်းမပြုရန်ဆိုတဲ့ မူဝါဒကိုချမှတ်ထားပါတယ်။ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း(လွိုင်ကော်)၊ (ဘောလခဲ)မှာ ပဉ္စမတန်းကျောင်းသားကျောင်းသူသစ်များ ရွေးချယ်ရာမှာ ကယားပြည်နယ်အစိုးရအဖွဲ့ရဲ့ ဝန်ကြီးချုပ်ထံကို ကျောင်းကြီးကြပ်ရေးကော်မတီက တင်ပြအတည်ပြုချက်ရယူရပါတယ်။ တင်ပြအတည်ပြုချက်ရယူခဲ့၍ လက်ခံခဲ့ပြီး ၂၀၁၈-၂၀၁၉ ပညာသင်နှစ်မှာလည်း ကျောင်းသားကျောင်းသူသစ်များ စိစစ်လက်ခံရာတွင်လည်း ကျောင်းကြီးကြပ်ရေးကော်မတီအနေဖြင့် ကယားပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်ထံ တင်ပြအတည်ပြုချက်ရယူရွေးချယ်ခဲ့ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါ်နန်းထွေးသူ(ဖားဆောင်းမဲဆန္ဒနယ်)**။ ။ တစ်ဆက်တစ်စပ်တည်းမေးခွန်း မေးခွင့်ပြုပါရှင်။ အခုလို ပြည့်ပြည့်စုံစုံဖြေကြားပေးတဲ့ဝန်ကြီးကို များစွာကျေးဇူးတင်ပါတယ်။ အစကတည်းက အစမကောင်း အနှောင်းမသေချာသလို စကားမျိုးအရ ပြောရမယ်ဆိုရင် ပထမဦးဆုံး ၂၀၁၅ ခုနှစ်ကတည်းက စခေါ်ကတည်းက ကျောင်းသားဦးရေအချိုးက လုံးဝကွာခြားနေတာကို တွေ့ရပါတယ်။ ဘောလခဲမြို့ဆိုရင် ၉၉ ဦး၊ အယောက် ၁၀၀ လောက်ရတာပေ့ါနော်။ ကျွန်မတို့ဖားဆောင်းမြို့နယ်ဆိုရင် ၁၃ ဦးလောက်ပဲ ရရှိတာကို တွေ့ရပါတယ်။ နောက်နောင်ခေါ်ယူတဲ့အခါကျရင် ဝန်ကြီးဌာနအနေနဲ့ ကျွန်မတို့မြို့နယ်ကိုလည်း အချိုးကျခေါ်ယူပေးဖို့အတွက် အစီအစဉ်ရှိ/မရှိကို ဆက်စပ်မေးခွန်းအနေဖြင့် မေးမြန်းအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဝန်ကြီးဌာနက ဖြေကြားပေးရန် ဖြစ်ပါတယ်။

**မူကြမ်း**

**ဗိုလ်ချုပ်သန်းထွင့်(ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)**။ ။ လွှတ်တော်ကိုယ်စားလှယ်ကြီးပြောတဲ့ကိစ္စနှင့်ပတ်သက်ပြီးတော့ ဒီဥစ္စာကတော့ ရွေးချယ်မှုဟာ ပြည်နယ်က ဝန်ကြီးချုပ်တွေနဲ့ပဲ သက်ဆိုင်ပါတယ်။ ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ သက်ဆိုင်ခြင်းမရှိပါဘူး။ ကျွန်တော်တို့ဝန်ကြီးဌာနကတော့ ဒီနှစ်မှာ လူအင်အား၊ ကျောင်းသူကျောင်းသားအင်အား ဘယ်လောက်ဖွင့်မယ်။ ဒီအပေါ်မှာရွေးချယ်ပေးပါဆိုပြီး ဝန်ကြီးချုပ်ကို အတည်ပြုပြီးမှ ဆောင်ရွက်ခဲ့တဲ့ကိစ္စဖြစ်တဲ့အတွက် တကယ်လို့ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းထားတဲ့အချက်အပေါ်မှာ ဝန်ကြီးချုပ်ထံတင်ပြပြီးတော့ အချိုးညီမျှမှုဆောင်ရွက်မယ်ဆိုလို့ရှိရင်၊ ဆောင်ရွက်နိုင်လို့ရှိရင် ရရှိနိုင်မယ်ဖြစ်တယ်ဆိုတဲ့အကြောင်း ကျွန်တော့်အနေနဲ့ ရှင်းလင်းဖြေကြားအပ်ပါတယ်။

**ပလက်ဝမြို့နယ်၊ ဖရုံချောင်းကျေးရွာ လူကူးကြိုးတံတား(၃၅၀)ပေတစ်စင်း ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပလက်ဝမဲဆန္ဒနယ်မှ ဦးစိန်အောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိန်အောင်(ပလက်ဝမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များ အားလုံးကို မင်္ဂလာပါလို့ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ ပလက်ဝမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်အောင် ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းလိုတဲ့မေးခွန်းကတော့ ပလက်ဝမြို့နယ်၊ ဖရုံချောင်းကျေးရွာအတွက် ၃၅၀ ပေအရှည် လူကူးကြိုးတံတားတစ်စင်း ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိမေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ရဲ့မဲဆန္ဒနယ်ဖြစ်တဲ့ ပလက်ဝမြို့နယ်၊ ဖရုံချောင်းကျေးရွာဟာ ပလက်ဝမြို့မှ ၄၅ မိုင်ခန့်အကွာ ကုလားတန်မြစ်ရဲ့အရှေ့ဘက်ကမ်းမှာ တည်ရှိပြီးတော့ အိမ်ထောင်စု ၁၀၇ စု၊ လူဦးရေ ၅၇၀ ကျော်နေထိုင်တဲ့ ကျေးရွာတစ်ရွာဖြစ်ပါတယ်။ အဆိုပါဖရုံချောင်းကျေးရွာရဲ့ အလယ်မှာ ချောင်းတစ်ချောင်းဖြတ်သန်းစီးဆင်းပြီးတော့ ချောင်းရဲ့အရှေ့ဘက်မှာ အခြေခံပညာ အလယ်တန်းကျောင်းခွဲ၊ ချောင်းရဲ့အနောက်ဘက်မှာ အခြေခံပညာမူလတန်းကျောင်း အသီးသီး ဖွင့်လှစ်လျက်ရှိပါတယ်။ အဆိုပါဖရုံချောင်းကျေးရွာကို ဖြတ်သန်းစီးဆင်းတဲ့ချောင်းဟာ မိုးတွင်းကာလမှာ ရေကြီးရေလျှံမှုဖြစ်ပြီးတော့ ရေစီးလည်းသန်တဲ့အတွက် ကျေးရွာနေပြည်သူများ တစ်နေရာမှ တစ်နေရာသို့ ဖြတ်သန်းသွားလာရာမှာ များစွာအခက်အခဲဖြစ်စေပါတယ်။ အထူးသဖြင့် မူလတန်း အရွယ်ကလေးသူငယ်များ နေ့စဉ်ဖြတ်သန်းသွားလာရာမှာ ခက်ခဲပြီးတော့ ဘေးအန္တရာယ်အတွက် စိုးရိမ်ရသောအခြေအနေမှာ ရှိနေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ မိမိတို့လွှတ်တော်ကိုယ်စားလှယ်များ ကွင်းဆင်းလေ့လာတဲ့အခါမှာလည်းပဲ ကျေးရွာပြည်သူများက ၎င်းတို့ရဲ့အခြေအနေ၊ အခက်အခဲများကို တင်ပြခဲ့ပြီးတော့ ကျွန်တော်တို့ကိုယ်တိုင်လည်း မြင်တွေ့ခဲ့ရပါတယ်။ အကယ်၍ ဖရုံချောင်းကျေးရွာ အလယ်က ဖြတ်သန်းစီးဆင်းတဲ့ချောင်းကို လူကူးကြိုးတံတားတစ်စင်း ဆောက်လုပ်ပေးမယ်ဆိုရင်

ကျေးရွာနေပြည်သူများအနေနဲ့သော်လည်းကောင်း၊ ကျောင်းသူကျောင်းသားများ၊ ကလေးသူငယ်များ အတွက် ပိုမိုအဆင်ပြေလုံခြုံစေမည်ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ပလက်ဝမြို့နယ်၊ ဖရုံချောင်းကျေးရွာ အတွက် ၃၅၀ ပေအရှည် လူကူးကြိုးတံတားတစ်စင်း ဆောက်လုပ်ပေးရန်အစီအစဉ် ရှိ/မရှိကို ပြည်သူများ၏ကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ နယ်စပ်ရေးရာဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်သန်းထွင်(ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ်၊ ပလက်ဝမဲဆန္ဒနယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးစိန်အောင်ရဲ့ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ဖရုံချောင်းကျေးရွာ လူကူးကြိုးတံတား ၃၅၀ ပေ တစ်စင်းဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိမေးခွန်းနှင့်ပတ်သက်၍ ပြန်လည်ရှင်းလင်းဖြေကြား မှာဖြစ်ပါတယ်။ ပလက်ဝမြို့နယ်၊ ဇဉ်ဘောင်းပြင်ကျေးရွာအုပ်စု၊ ဖရုံချောင်းကျေးရွာဟာ ပလက်ဝမြို့ရဲ့ မြောက်ဘက် မိုင် ၄၀ အကွာမှာရှိပါတယ်။ ကုလားတန်မြစ်ရဲ့ အရှေ့ဘက်ကမ်းမှာရှိပြီး ကုလားတန်မြစ်သို့စီးဆင်းသည့် ဖရုံချောင်းဟာ ကျေးရွာအလယ်မှ ဖြတ်သန်းစီးဆင်းလျက်ရှိပါတယ်။ ကျေးရွာနေပြည်သူများရဲ့ ပညာရေး၊ ကျန်းမာရေးတို့အတွက် ကျေးရွာအရှေ့အနောက် ရာသီမရွေးကူးလူး သွားလာနိုင်ရန်အတွက် တံတားတစ်စင်းလိုအပ်မည့် အခြေအနေဖြစ်ကြောင်းကိုလည်း စိစစ်တွေ့ရှိရပါတယ်။

သို့ဖြစ်ပါ၍ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ဖရုံချောင်းကျေးရွာ လူကူးကြိုးတံတားတစ်စင်း ဆောက်လုပ်ပေးရန်နှင့်စပ်လျဉ်း၍ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေတွင် အဆိုပြုထည့်သွင်းလျာထားဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

**ခေါင်လန်ဖူးမြို့နယ်အတွင်းရှိ အရေးကြီးပြီး ပြည်သူလူထုအများဆုံးအသုံးပြုနေသည့် ဆရဲဂျာထန်ကြိုးတံတား(၁၁၀)ပေ၊ ကျီးဒူချောင်းကူးကြိုးတံတား(၁၅၀)ပေ၊ မော်ခိုဝါကြိုးတံတား(၈၀)ပေ၊ မိုကိုဆားကြိုးတံတား(၁၄၀)ပေတို့အား အမြန်ဆုံးဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ခေါင်လန်းဖူးမဲဆန္ဒနယ်မှ ဦးအာမိုးဆီ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအာမိုးဆီ(ခေါင်လန်ဖူးမဲဆန္ဒနယ်**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအာမိုးဆီ ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ရှီးလန်ဒမ်းအုပ်စု၊ ရပ်မားအုပ်စု၊ နမ်ချိန်အုပ်စုနှင့် ထဖုံးအုပ်စုအတွင်းရှိ ကျောင်းသားကျောင်းသူများ၊ ပညာရေးဝန်ထမ်းများ၊ ဒေသခံပြည်သူများအတွက် အရေးကြီးပြီး အများဆုံးအသုံးပြုနေတဲ့ တံတားလေးစင်းအား အမြန်ဆုံးပြုပြင်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ သက်ဆိုင်ရာဝန်ကြီးဌာနကို မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ခေါင်လန်ဖူးမြို့နယ်

သည် ကျေးရွာအုပ်စု ၂၃ အုပ်စုရှိပြီး အဲဒီထဲမှာ ရှီးလန်ဒမ်းအုပ်စု၊ ရပ်မားအုပ်စု၊ ထဖုံးအုပ်စု၊ နမ်ချိန်အုပ်စုသည် သီးခြားစီရှိနေတဲ့ ကျေးရွာအုပ်စုများဖြစ်ပါတယ်။ အဲလို သီးခြားစီရှိနေတဲ့အတွက် ဌာနဆိုင်ရာများ အရောက်အပေါက်အလွန်နည်းတဲ့ ကျေးရွာအုပ်စုဖြစ်ပါတယ်။ ကျွန်တော်တို့ ခေါင်လန်းဖူး မြို့နယ်သည် မြန်မာနိုင်ငံမြောက်ဘက်အကျဆုံးမြို့ဖြစ်ပြီး လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးစသည့် ကဏ္ဍများတွင် နောက်ကျကျန်နေတဲ့မြို့နယ်လေးဖြစ်ပါတယ်။ ယခုအခါ ခေါင်လန်းဖူးမြို့နယ်အတွင်းရှိ ရှီးလန်ဒမ်းအုပ်စု၊ ရပ်မားအုပ်စု၊ ထဖုံးအုပ်စု၊ နမ်ချိန်အုပ်စုများတွင် မိုးများပြီး လမ်း၊ တံတားများပျက်စီးနေသည်ကို တွေ့ရှိနေရပါတယ်။ အဆိုပါတံတားများသည် တစ်ရွာနှင့်တစ်ရွာ ကူးလူးဆက်သွယ်သွားလာနေကြသည့်တံတားဖြစ်ပြီး ကျောင်းသားကျောင်းသူများသည် အဆိုပါတံတားလေးစင်းအား ခက်ခက်ခဲခဲဖြတ်ကျော်ကာ တစ်ဖက်ရွာရှိ ကျောင်းများသို့ ကျောင်းတက်ကြရသည်ကို တွေ့ရှိနေရပါတယ်။ အဆိုပါတံတားသည် ၎င်းတို့ဒေသအတွက်အရေးကြီးပြီး ပြည်သူလူထုအများဆုံး အသုံးပြုအားကိုးအားထားသွားလာနေရတဲ့တံတားဖြစ်ပါတယ်။

ကျွန်တော့်ကို Power Point အသုံးပြုခွင့်ပေးပါ။ ဒီတံတားများဟာ ယခင်က ပြည်သူလူထုတွေက ကိုယ်ထူကိုယ်ထအမြဲတမ်းတည်ဆောက်နေပြီးတော့ ကြာလာတဲ့အချိန်ကျတော့ ပြည်သူလူထုလည်း အခက်အခဲများစွာဖြစ်တဲ့အတွက် တည်ဆောက်နိုင်ခြင်းမရှိတဲ့ တံတားတွေဖြစ်ပါတယ်။ အဲဒီတံတားများဟာ ပြီးခဲ့တဲ့ငွေနှစ်လမှာပဲ တံတားတည်ဆောက်ပြီးဖြစ်ပါတယ်။ ဒါပေမဲ့ ရေမျောသွားတဲ့အချိန်ကျတော့ အဲဒီနေရာမှာ တံတားထိုးလို့မရတဲ့အတွက် သူတို့ခက်ခက်ခဲခဲနဲ့ အဲဒီသစ်လုံးတွေ၊ တံတားတွေထိုးပြီးမှ သွားလာနေကြရတဲ့ နေရာတွေဖြစ်ပါတယ်။ အဲလိုတံတားတွေ ဒီကျေးရွာအုပ်စုလေးအုပ်စုမှာ ပြုပြင်ဖို့လိုအပ်တဲ့တံတားတွေ များစွာရှိနေပါသေးလို့ သိရှိနေရပါတယ်။ သို့ဖြစ်ပါ၍ အရေးကြီးပြီး ပြည်သူလူထုအများဆုံးအသုံးပြုနေသည့် အဆိုပါလူကူးကြိုးတံတားလေးစင်းအား အချိန်မီ မဆောက်လုပ်ပေးပါက ဒေသခံပြည်သူလူထုနှင့် ကျောင်းသားကျောင်းသူများ အသွားအလာပြတ်တောက်မှုဖြစ်ပေါ်နိုင်ပြီး စားနပ်ရိက္ခာနှင့် ဆေးဝါးပစ္စည်းများအား ဆေးဝါးများရှာဖွေရာတွင် များစွာအခက်အခဲတွေ့ကြုံနေရမှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ပျက်စီးနေတဲ့ အဆိုပါတံတားလေးစင်းအား အချိန်မီဆောက်လုပ်ပေးနိုင်ပါရန် အစီအစဉ်ရှိ/မရှိ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနကို မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ နယ်စပ်ရေးရာဝန်ကြီးဌာနက ဖြေကြားပေးရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်သန်းထွင်၊ (ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)**။ ။ ကချင်ပြည်နယ်၊ ခေါင်လန်ဖူးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအာမိုးဆီရဲ့ ခေါင်လန်ဖူးမြို့နယ်အတွင်းမှာရှိတဲ့ အရေးကြီးပြီး ပြည်သူလူထုအများဆုံးအသုံးပြုနေတဲ့ ဆရဲဂျာထန်ကြိုးတံတား(၁၁၀)ပေ၊ ကျီးဒူချောင်းကူးကြိုးတံတား(၁၅၀)ပေ၊ မော်ခိုဝါကြိုးတံတား(၈၀)ပေ၊ မိုကိုဆားကြိုးတံတား(၁၄၀)ပေတို့ကို အမြန်ဆုံးဆောက်လုပ်ပေးရန်အတွက် မည်ကဲ့သို့ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်းနှင့် ပတ်သက်၍ နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ကချင်ပြည်နယ်အပါအဝင် နယ်စပ်ဒေသရဲ့

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို စီမံကိန်းရေးဆွဲချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာမှာ ကချင်ပြည်နယ်အတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပထမခြောက်လတွင် ငွေကျပ် ၂၉၉၁.၁၈၄ သန်းခွင့်ပြုခဲ့ပြီးဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်မေးမြန်းထားတဲ့ ခေါင်လန်ဖူးမြို့နယ်အတွင်းမှာရှိတဲ့ ဆရဲဂျာထန်ကြိုးတံတား(၁၁၀)ပေ၊ ကျီးဒူချောင်းကူးကြိုးတံတား(၁၅၀)ပေ၊ မော်ခိုဝါကြိုးတံတား(၈၀)ပေနှင့် မိုကိုဆားကြိုးတံတား(၁၄၀)ပေတို့ကို တည်ဆောက်ပေးနိုင်ရေးအတွက် ပွင့်လင်းရာသီရောက်ချိန်မှာ မြေပြင်ကွင်းဆင်းစစ်ဆေးမှုတွေ ကျွန်တော်တို့ပြုလုပ်သွားမှာဖြစ်ပါတယ်။ ကွင်းဆင်းစစ်ဆေးပြီး တံတားရဲ့တည်နေရာ၊ တံတား၏အရှည်ပေ၊ အကျိုးပြုမည့်ကျေးရွာအိမ်ခြေ၊ လူဦးရေနှင့် မြေပြင်မှာအမှန်တကယ်လိုအပ်လျက်ရှိကြောင်း ကချင်ပြည်နယ်အစိုးရအဖွဲ့မှ စိစစ်ထောက်ခံတင်ပြလာပါက ရန်ပုံငွေရရှိမှုပေါ်မူတည်၍ ဦးစားပေးအစီအစဉ်အလိုက် သင့်တော်သည့်ဘဏ္ဍာရေးနှစ်တွင် အဆိုပြုလျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

**နန်းယွန်းမြို့နယ်ရှိ ရှိတ်ညို-လုံကျန်းလမ်းပေါ်မှ Box Culvert များအား သတ်မှတ်စံနှုန်းများအတိုင်း ဆောင်ရွက်ထားမှုမရှိသော Global Land ကုမ္ပဏီအား အသစ်ပြန်လည်ဆောင်ရွက်စေခြင်းအပြင် အခြားမည်ကဲ့သို့သော ထိရောက်သည့်အရေးယူမှုများ ဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ နန်းယွန်းမဲဆန္ဒနယ်မှ ဦးဝမ်းလှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဝမ်းလှ(နန်းယွန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များ အားလုံး မင်္ဂလာပါလို့ နှုတ်ဆက်ပါတယ်။ ကျွန်တော်ကတော့ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နန်းယွန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝမ်းလှ ဖြစ်ပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နန်းယွန်းမြို့နယ်၊ ရှိတ်ညို-လုံကျန်းကြား မြေသားလမ်းပေါ် Global Land ကုမ္ပဏီက တာဝန်ယူဆောင်ရွက်ခဲ့တဲ့ Box Culvert စင်း(၆၀)နှင့် စပ်လျဉ်းသည့်မေးခွန်း မေးမြန်းသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ Global Land ကုမ္ပဏီအနေနဲ့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ လဟယ်မြို့နယ်၊ တပ်ရန်-ရောင်ဖိုမြေသားလမ်းပေါ်မှာ ငါးပေ Box (၃၀)နှစ်စင်းတည်ဆောက်ခြင်းနှင့်အတူ နန်းယွန်းမြို့နယ်ရှိ ရှိတ်ညို-လုံကျန်းကြား ငါးပေ Box စင်း(၆၀)ကို တင်ဒါအောင်မြင်ပြီး တာဝန်ယူဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ Global Land ကုမ္ပဏီဟာ Global Wave ကုမ္ပဏီအနေနဲ့လည်း ကုမ္ပဏီလုပ်ငန်းတွေကို တာဝန်ယူဆောင်ရွက်နေကြောင်း သိရပါတယ်။ Power Point သုံးစွဲခွင့်ပြုနိုင်ဖို့ တင်ပြအပ်ပါတယ်ခင်ဗျား။ အခု ကျွန်တော်မေးမြန်းမယ့် ရှိတ်ညို-လုံကျန်းကြားက Box Culvert တွေကိုတည်ဆောက်တဲ့အခါ လုပ်ငန်းမှာထည့်သွင်းပါဝင်ရမယ့် သဲ၊ သဲကျောက်၊ ဘိလပ်မြေ၊ သံပင်တွေကို Estimate ထဲက သတ်မှတ်စံချိန်စံညွှန်းပါအတိုင်း အသုံးမပြုဘဲ ဆောင်ရွက်ခဲ့တာတွေကို တွေ့ရှိရပါတယ်။ Box Culvert လုပ်ဖို့ ပျဉ်နဲ့အထပ်သားတွေ သုံးရမယ့်နေရာမှာ ခြေသလုံးသာသာ မျှောတိုင်၊ ဝါးတိုင်လေးတွေနဲ့ထောက်ပြီး ကြမ်းဝါးခင်းပေါ်မှာ ငှက်ပျောရွက်နဲ့ ပလတ်စတစ်မိုးကာတွေကိုသုံးတာ၊ သဲနှင့်သဲကျောက်ကိုလည်း သယ်ယူအသုံးပြုလို့

ရလျက်နဲ့ ဘေးနားက ရွှံ့နဲ့ကျောက်ရောမြေတွေကိုသာကော်ထည့်ပြီး ဘိလပ်မြေမသုံးဘဲလုပ်ထားတာကြောင့် အလိုအလျောက် ပြိုကျပျက်စီးသွားတာဖြစ်ပါတယ်။ ဒီပုံကတော့ လွှတ်တော်မှာမေးခွန်းမေးမြန်းမှပဲ ပြန်လည်တည်ဆောက်ထားတဲ့ပုံတွေဖြစ်ပါတယ်။ ဒီလိုပဲ ပြန်လုပ်တဲ့ Box Culvert တွေကိုလည်းပဲ နဂိုလုပ်ထားတုန်းကလိုပဲ သစ်တိုင်နဲ့ ကြမ်းဝါးတွေကို အသုံးပြုထားတာကို တွေ့ရှိရပါတယ်။ ဒါကြောင့် အခုလုပ်ထားတဲ့လုပ်ငန်းတွေနဲ့ပတ်သက်ပြီးတော့ ဘယ်လောက်ထိအာမခံချက်ပေးနိုင်မလဲဆိုတာကိုလည်းပဲ သိချင်ပါတယ်။ ဒီလို ဒေသအပေါ်စေတနာမထားဘဲ မိမိတို့အစုအဖွဲ့ရဲ့အကျိုးကိုသာအဓိကထားပြီး သတ်မှတ်စံချိန်စံညွှန်းများအတိုင်းမလုပ်တဲ့ Global Land ကုမ္ပဏီကို Black List သတ်မှတ်ပေးသည့်အပြင် နာဂဒေသမှာ ဒီကုမ္ပဏီကလုပ်ခဲ့တဲ့လုပ်ငန်းတွေအားလုံးကို ပြည်ထောင်စုအဆင့်ကနေ စနစ်တကျ သေချာစိစစ်ပြီး ထိထိရောက်ရောက်အရေးယူဆောင်ရွက်ပေးဖို့ကို တင်ပြလိုပါတယ်။ ဘာကြောင့်လဲဆိုတော့ ဖွံ့ဖြိုးရေးလုပ်ငန်းတွေကို စနစ်တကျမလုပ်တဲ့ကုမ္ပဏီတွေကြောင့် ဒေသခံတွေအတွက် အများကြီးနစ်နာဆုံးရှုံးရပါတယ်။ ထို့အတူ အစိုးရရဲ့ပုံရိပ်ကိုလည်းပဲ အများကြီးထိခိုက်ကျဆင်းစေတာဖြစ်တဲ့အတွက် မေးမြန်းလိုတာကတော့ ရှိတ်ညို-လုံကျွန်းကျေးရွာကြား Box Culvert များအား သတ်မှတ်စံနှုန်းများအတိုင်း ဆောင်ရွက်ထားမှုမရှိသော Global Land ကုမ္ပဏီအား အသစ်ပြန်လည်ဆောင်ရွက်စေခြင်းအပြင် အခြားမည်သို့သော ထိရောက်သည့်အရေးယူမှုများဆောင်ရွက်ပေးမည်ကို သိရှိလိုသောကြောင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ နယ်စပ်ရေးရာဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်သန်းထွဋ်(ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)**။ ။ စစ်ကိုင်းတိုင်းဒေသကြီး၊ နန်းယွန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝမ်းလှရဲ့ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နန်းယွန်းမြို့နယ်ရှိ ရှိတ်ညို-လုံကျွန်းလမ်းပေါ်မှ Box Culvert များအား သတ်မှတ်စံနှုန်းများအတိုင်းဆောင်ရွက်ထားမှုမရှိသော Global Land ကုမ္ပဏီအား အသစ်ပြန်လည်ဆောင်ရွက်စေခြင်းအပြင် အခြားမည်သို့သော ထိရောက်သည့်အရေးယူမှုများ ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်းနှင့်ပတ်သက်၍ ပြန်လည်ရှင်းလင်းဖြေသွားပါမယ်။ လွှတ်တော်ကိုယ်စားလှယ်မေးမြန်းထားတဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နန်းယွန်းမြို့နယ်၊ ရှိတ်ညို-ကဲဆန်လုံကျွန်းလမ်းပိုင်းဟာ ရောင်ကွန်-ရှိတ်ညို-ကဲဆန်လုံကျွန်း-ဆာရွက်-ကြူယမ်း ၃၅ မိုင်လမ်းကြောင်းပေါ်မှာတည်ရှိပါတယ်။ အဆိုပါ ၃၅ မိုင်လမ်းပိုင်းနှင့်ပတ်သက်၍ နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ဘဏ္ဍာရေးနှစ်အလိုက် ရန်ပုံငွေများခွင့်ပြု ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေကျပ် ၈၆.၁၅ သန်းဖြင့် မြေလမ်းငါးမိုင်၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ရန်ပုံငွေကျပ် ၂၁၀.၉၆၀ သန်းဖြင့် မြေလမ်း ၁၀ မိုင်၊ လေးပေ Box Culvert (၁၀)စင်း၊ နှစ်ပေ Pipe Culvert (၁၀)စင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ရန်ပုံငွေကျပ် ၃၁၉.၃၉၆ သန်းဖြင့် မြေလမ်းရှစ်မိုင်၊ ငါးပေ Box Culvert (၆၀)စင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပထမခြောက်လပတ်ရန်ပုံငွေ ကျပ်

၁၂၉.၁၄၀ သန်းဖြင့် ကျောက်လမ်းတစ်မိုင် အသီးသီးဆောင်ရွက် ပေးခဲ့ပြီး စုစုပေါင်းရန်ပုံငွေကျပ် ၇၄၅.၆၄၆ သန်း ခွင့်ပြုပေးခဲ့ပြီးလည်း ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်မေးမြန်းထားတဲ့ ရှိတ်ညို-လုံကျန်းလမ်းပေါ်မှာရှိတဲ့ Box Culvert များကို သတ်မှတ်စံနှုန်းများအတိုင်း ဆောင်ရွက်ထားမှုမရှိသော Global Land ကုမ္ပဏီအပေါ် အသစ်ပြန်လည်ဆောင်ရွက်စေခြင်းအပြင် အခြားမည်သို့သော ထိရောက်သည့်အရေးယူမှုများ ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးမြန်းချက်နှင့်ပတ်သက်၍ ရှိတ်ညို-ကဲဆန်လုံကျန်းလမ်းပေါ် မှာရှိတဲ့ ခြောက်ပေ Box Culvert (၆၀)စင်းတည်ဆောက်ခြင်းလုပ်ငန်းကို တာဝန်ရှိသူများက မြေပြင်ကွင်းဆင်းစစ်ဆေးပြီး အရည်အသွေးမပြည့်မီသည့် Box Culvert များကို ပြန်လည်ပြုပြင်စေခဲ့ ရာမှာ ၂၅-၈-၂၀၁၈ ရက်နေ့မှာ ၁၀၀ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးခဲ့ပြီးကြောင်း ပြန်လည်တင်ပြထား ပါတယ်။ ဒါကြောင့်မို့ ဒီဟာပြီးစီးမှုအခြေအနေကို လွှတ်တော်ကိုယ်စားလှယ်ဦးဆောင်တဲ့အဖွဲ့ဖြင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို စစ်ဆေးပေးပြီး လိုအပ်ချက်များရှိပါက ကုမ္ပဏီအား ထပ်မံ ဆောင်ရွက်စေမည်ဖြစ်ပါတယ်။ အကယ်၍ သတ်မှတ်စံချိန်စံညွှန်းအတိုင်း ဆောင်ရွက်ခြင်းမရှိပါက ၎င်းကုမ္ပဏီကို Black List စာရင်းသွင်း၍ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

**လေရှီး-ဂျီလာ-သာယာလမ်း (၁၀)မိုင်၊ ကူကီး-ဂျီလာ-သာယာလမ်း (၁၀)မိုင်၊ မိုဒွန်ရွာမ-ဝမ်းဘဲရွာဟောင်း လမ်း (၁၀)မိုင်နှင့် မသော်ရီ-ရော်ပါးမီ-ရောဟော်လမ်း (၁၀)မိုင်၊ (၁၈)ပေအား မြေသားလမ်း ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လေရှီးမဲဆန္ဒနယ်မှ ဦးကျော်ဌေး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကျော်ဌေး(လေရှီးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ၊ လေရှီးမဲဆန္ဒနယ်မှ ဦးကျော်ဌေး ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတာကတော့ လေရှီး-ဂျီလာ-သာယာလမ်း ၁၀ မိုင်၊ ကူကီး-ဂျီလာ-သာယာလမ်း ၁၀ မိုင်၊ မိုဒွန်ရွာမ-ဝမ်းဘဲရွာဟောင်းလမ်း ၁၀ မိုင်၊ မသော်ရီ-ရော်ပါးမီ-ရောဟော်လမ်း ၁၀ မိုင်၊ ၁၈ ပေမြေသားလမ်းအား ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိမေးခွန်းဖြစ်ပါတယ်။ ဒါပေမဲ့ ၂၀၁၈-၂၀၁၉ ဘတ်ဂျက် လျာထားချက်တွေဟာ သိထားပြီးသားဖြစ်တဲ့အတွက်ကြောင့်မို့လို့ မေးမြန်းမှုပုံစံအနည်းငယ်ပြောင်းလဲမှုရှိမှာ ဖြစ်ပါတယ်။

လေးစားရတဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လေရှီးမြို့နယ်အတွင်း နယ်စပ်ရေးရာဝန်ကြီးဌာနကနေပြီးတော့ အကောင်အထည်ဖော်ဆောင်ရွက်နေတဲ့ လေရှီး-ဂျီလာ-သာယာလမ်း၊ ကူကီး-ဂျီလာ-သာယာလမ်း၊ မိုဒွန်ရွာမ-ဝမ်းဘဲရွာဟောင်းလမ်းများဟာ တစ်ရွာနှင့်တစ်ရွာ အဆက်အစပ်မမိသေးတဲ့ လမ်းပိုင်းဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဘဏ္ဍာနှစ်တိုင်းမှာ ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်ဖို့ လိုအပ်နေတာ ဖြစ်ပါတယ်။ အလားတူပဲ မသော်ရီ-ရော်ပါးမီ-ရောဟော်လမ်းဟာလည်းပဲ လဟယ်နှင့် လေရှီးမြို့နယ်ချင်းဆက်လမ်းပေါ်မှာရှိတဲ့အတွက်ကြောင့်မို့

လို့ အလျင်အမြန်ဖောက်လုပ်ဖို့ လိုအပ်နေတာ ဖြစ်ပါတယ်။ ဒီလမ်းတွေကို ဘဏ္ဍာရေးနှစ်တစ်ခုတည်းမှာ အပြီးပြတ်ဖောက်လုပ်ပေးဖို့ဆိုတာ အခက်အခဲရှိမယ်ဆိုတာ ကျွန်တော်နားလည်လက်ခံပါတယ်။ သို့သော်လည်းပဲ ပြည်သူတွေရဲ့ လိုအပ်ချက်၊ အခက်အခဲများကို ထောက်ရှုပြီးတော့ ဘဏ္ဍာရေးနှစ်တစ်ခုတည်းမှာ ဘဏ္ဍာရေးနှစ်တစ်ခုမှာ အနည်းဆုံး ၁၀ မိုင်စီဖောက်လုပ်ပေးရန် သက်ဆိုင်ရာဌာနရဲ့ စီမံကိန်းရေးဆွဲစဉ်ကတည်းက ကျွန်တော်တို့ညှိနှိုင်းပြီးတော့မှ ထည့်သွင်းတင်ပြထားခဲ့ပြီး ဖြစ်ပါတယ်။ ဒါပေမဲ့ ၂၀၁၈-၂၀၁၉ ဘတ်ဂျက်လျာထားချက်မှာ မြို့နယ်ချင်းဆက်လမ်းအတွက် ၅ မိုင်သာ ထည့်သွင်းထားတာကို တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုနှစ်အတွက် လုပ်ငန်းလျာထားချက်များဟာ မြို့နယ်အတွင်း ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာများပူးပေါင်းပြီးတော့ လျာထားခဲ့တဲ့လုပ်ငန်းများနှင့် ကွဲလွဲမှုရှိနေပါတယ်။ ယခင်က စာရင်းဟောင်းများကိုသာ အခြေခံပြီးတော့ လျာထားခဲ့တာကို တွေ့ရှိရပါတယ်။ လိုအပ်ချက်နှင့် လုပ်ငန်းတည်နေရာပြောင်းလဲမှုရှိနေပါတယ်။ ဒါကြောင့် စာရင်းဇယားများဟာ Update မဖြစ်တဲ့သဘော ကျွန်တော်သုံးသပ်ရပါတယ်။ Power Point အသုံးပြုခွင့်ပြုပါခင်ဗျား။ ဒါကတော့ လေရှီး-ဂျီလာ-သာယာလမ်းပိုင်းဖြစ်ပါတယ်။ ဒီအဝါလေးက ယခင်နှစ်က နယ်စပ်ရေးရာဝန်ကြီးဌာနကနေပြီးတော့ ရေဂေါင်နဲ့ ဖောက်လုပ်ထားတဲ့ လမ်းပိုင်းဖြစ်ပါတယ်။ ဒီမြားပြထားတဲ့ အနီလေးက ဆက်ပြီးတော့ ဖောက်ရမယ့်လမ်းပိုင်း ဖြစ်ပါတယ်။ ဒီဟာကတော့ ဂျီလာကနေပြီးတော့ ကူကီးကို ဆက်ပြီးတော့မှ ဖောက်ရမယ့်လမ်းပိုင်း ဖြစ်ပါတယ်။ အဲဒီလမ်းပိုင်းကို ဘာဖြစ်လို့ ပြန်ပြီးတော့ ဖော်ပြရသလဲဆိုတဲ့အခါကျတော့ မိန်းလမ်းပေါ်မှာ ဒီပ.ဆ.င လမ်းပေါ်မှာ သွားပြီးတော့ ဆက်မိမှ ဒီလမ်းဖောက်ရတဲ့အကျိုးရှိမှာ ဖြစ်ပါတယ်။ အဲဒီလမ်းကို မဆက်မိလို့ရှိရင်တော့ အကျိုးရှိမှာ မဟုတ်ပါဘူး။ အဲဒါကြောင့်မို့လို့ ဒီဟာကိုလည်း တောင်းခံရခြင်း ဖြစ်ပါတယ်။ ဒီဟာကတော့ ရန်နွေး-မိုဒွန်ရွာမ-ဝမ်းဘဲရွာဟောင်းလမ်းပိုင်း ဖြစ်ပါတယ်။ ဒီအပြာရောင်လေးနဲ့ပြထားတဲ့အပိုင်းဟာ ဆက်ပြီးတော့မှ ဖောက်လုပ်ရန်ကျန်ထားတဲ့လမ်းပိုင်းလေး ဖြစ်ပါတယ်။ ဒါကတော့ အနီလေးနဲ့ပြထားတဲ့ဟာက မသော်ရီ-ရော်ပါးမီ-ရောဟော်-ဝမ်းဘဲရွာဟောင်းကို ဆက်မိမယ့်လမ်းပိုင်း ဖြစ်ပါတယ်။ လေရှီးကနေပြီးတော့ ပိန္နဲကုန်း-အမိမီ-မသော်ရီကို သွားပြီးတော့မှ ဆုံမှာဖြစ်ပါတယ်။ အဲဒီဟာ မြို့နယ်ချင်းဆက်လမ်းပေါ်မှာ ရှိနေတာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဒီလမ်းပိုင်းဟာလည်း အလျင်အမြန်ဖောက်လုပ်မှ အဆင်ပြေမယ့်လမ်းပိုင်းဖြစ်ပါတယ်။ ဒီအပေါ်မှာ မြားပြထားတဲ့ဟာလေးကတော့ ထန်းပါခွေမြို့နယ်ကို ဆက်သွယ်တဲ့လမ်းပိုင်းမှာ ဝမ်းဘဲရွာဟောင်းမှာ သွားပြီးတော့ဆုံမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဘတ်ဂျက်လည်းပဲ အတည်ပြုပြီးဖြစ်တဲ့အတွက်ကြောင့်မို့လို့ ယခု ကျွန်တော်တင်ပြမေးမြန်းရတဲ့လမ်းပိုင်းတွေကို မည်သည့်အချိန်မှာ ဆက်လက်ပြီးတော့မှ အကောင်အထည်ဖော်ဆောင်ရွက်ပေးမည်ကို သိရှိလို၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ နယ်စပ်ရေးရာဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်သန်းထွင်(ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)**။ ။ လေရှီးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ရဲ့ လေရှီးမြို့နယ်အတွင်းမှာရှိတဲ့ လေရှီး-ဂျီလာ-သာယာလမ်း ၁၀ မိုင်၊ ကူကီး-ဂျီလာ-သာယာလမ်း ၁၀ မိုင်၊ မိုဒွန်ရွာမ-ဝမ်းဘဲရွာဟောင်း လမ်း ၁၀ မိုင်နှင့် မသော်ရီ-ရော်ပါးမီ-ရောဟော်လမ်း ၁၀ မိုင်၊ ၁၈ ပေ မြေသားလမ်းအား ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိမေးခွန်းနှင့်ပတ်သက်၍ လွှတ်တော်ကိုယ်စားလှယ်မေးမြန်းထားတဲ့ လမ်းပိုင်းလေးခုနှင့်စပ်လျဉ်းပြီး ပထမလမ်းပိုင်းဖြစ်တဲ့ လေရှီးမြို့နယ် လေရှီး-ဂျီလာ-သာယာမြေလမ်း ၁၀ မိုင် ဖောက်လုပ်ခြင်းလုပ်ငန်းက ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ လုပ်ငန်းရဲ့ ၁၀၀ ရာခိုင်နှုန်း ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါတယ်။ မေးမြန်းချက်မှာပါတဲ့ ဒုတိယလမ်းပိုင်းဖြစ်တဲ့ ကူကီး-ဂျီလာ-သာယာ လမ်းပိုင်းဖောက်လုပ်ပေးနိုင်ရေးနှင့်စပ်လျဉ်း၍ ဖောက်လုပ်ပြီးဖြစ်သည့် လေရှီး-ဂျီလာ-သာယာ လမ်းကြောင်းမှတစ်ဆင့် ဆက်သွယ်အသုံးပြုနိုင်မှာဖြစ်ကြောင်းနှင့် မြေပြင်ကွင်းဆင်းစစ်ဆေးပြီး ဖောက်လုပ်ရမည့် လမ်းမိုင်၊ အကျိုးပြုမည့်ကျေးရွာ၊ အိမ်ခြေ၊ လူဦးရေတို့နှင့်အတူ မြေပြင်တွင် အမှန်တကယ်လိုအပ်လျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ စိစစ်ထောက်ခံတင်ပြလာပါက ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဦးစားပေးအစီအစဉ်အရ သင့်တော်မည့်ဘဏ္ဍာရေးနှစ်တွေမှာ အဆိုပြု လျာထားဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ တတိယလမ်းပိုင်းဖြစ်တဲ့ မိုဒွန်ရွာမ-ဝမ်းဘဲရွာဟောင်း လမ်းပိုင်း ၁၀ မိုင်နှင့်စပ်လျဉ်း၍ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်၊ ပထမခြောက်လ ပြည်ထောင်စု ရန်ပုံငွေဖြင့် မြေသားလမ်း ၂/၄ မိုင်ဖောက်လုပ်ခြင်းနှင့် တတိယအကြိမ် အိန္ဒိယအထောက်အပံ့ဖြင့် မြေသားလမ်း ၃/၆ မိုင် ဖောက်လုပ်ခြင်းလုပ်ငန်းတို့ကို ခွင့်ပြုပြီးဖြစ်ရာ ဆောင်ရွက်ရန်ကျန်ရှိသည့် ၃/၆ မိုင်မြေလမ်းဖောက်လုပ်ခြင်းလုပ်ငန်းအတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ ဆက်လက် အဆိုပြုလျာထားပေးမှာဖြစ်ပါတယ်။

စတုတ္ထလမ်းပိုင်းဖြစ်တဲ့ မသော်ရီ-ရော်ပါးမီ-ရောဟော်လမ်းပိုင်း ဖောက်လုပ်နိုင်ရေးနှင့် စပ်လျဉ်း၍ တတိယလမ်းပိုင်းဖြစ်သည့် မိုဒွန်ရွာမ-ဝမ်းဘဲရွာဟောင်းလမ်းပိုင်းတွင် ဆောင်ရွက်ရန် ကျန်ရှိနေသည့် မြေလမ်း ၃/၆ မိုင်အပြင် ဝမ်းဘဲရွာဟောင်းမှ ရောဟော်ရွာအထိ လမ်းအရှည် ၇ မိုင်ကိုပါ မြေလမ်းတစ်ဆက်တစ်စပ်တည်းဖြစ်အောင် ဖောက်လုပ်ပေးပြီးမှသာလျှင် စတုတ္ထလမ်းပိုင်း ဖြစ်တဲ့ မသော်ရီ-ရော်ပါးမီ-ရောဟော်လမ်းပိုင်းကို ဆက်လက်ဆောင်ရွက်နိုင်မည်ဖြစ်ပါသဖြင့် လတ်တလောဖောက်လုပ်ပေးနိုင်ခြင်းမရှိသေးပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်ပြီးပါပြီ။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို ၃၀ မိနစ်ခန့် ခေတ္တရပ်နားမှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**မူကြမ်း**

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို မိနစ် ၃၀ ခန့်ခေတ္တခဏရပ်နားပါသည်။]

**အချိန်၊ ၁၁း၂၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏အတည်ပြုချက်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ ၅-၉-၂၀၁၈ ရက်နေ့က တင်သွင်းခဲ့တဲ့ ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီရဲ့အစီရင်ခံစာကို လွှတ်တော်က သဘောတူလက်ခံရန်အဆိုတင်သွင်းခြင်းနှင့် အတည်ပြုချက်ရယူခြင်းများ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အဆိုတင်သွင်းရန်ဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်လတ်(အဖွဲ့ဝင်၊ နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ် ပါတယ်။ ကျွန်တော်ကတော့ ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏မူလအခွင့်အရေးဆိုင်ရာကော်မတီ၏ ၂၆-၂-၂၀၁၇ နေ့မှ ၂၅-၂-၂၀၁၈ ရက်နေ့အထိ နှစ်ပတ်လည်အစီရင်ခံစာ အမှတ်စဉ်(၂/၂၀၁၈)အား ပြည်သူ့လွှတ်တော်ကြီးမှ အတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းသွားမယ့် ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် နိုင်ငံသားများ၏မူလအခွင့်အရေးဆိုင်ရာကော်မတီ အဖွဲ့ဝင် ဦးခင်မောင်လတ် ဖြစ်ပါတယ်။ ၅-၉-၂၀၁၈ ရက်နေ့တွင် ကျင်းပခဲ့တဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး၏ (၁၅)ရက်မြောက်နေ့အစီအစဉ်မှာ ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏မူလအခွင့်အရေးဆိုင်ရာကော်မတီ၏အစီရင်ခံစာ(၂/၂၀၁၈)ကို ပြည်သူ့လွှတ်တော်သို့ ဖတ်ကြားတင်သွင်းခဲ့ပြီးဖြစ်ပါတယ်။ နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီအနေဖြင့် နိုင်ငံသားများ၏မူလအခွင့်အရေးများမဆုံးရှုံးစေရန်နှင့် ဖွံ့ဖြိုးတိုးတက်စေရန် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း၍ အားကြိုးမာန်တက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါတယ်။ ကော်မတီ၏ဆောင်ရွက်ချက်များ၊ အတွေ့အကြုံသုံးသပ်ချက်များလည်း ရှင်းလင်းတင်ပြခဲ့ပြီးလည်း ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၏ နှစ်ပတ်လည်အစီရင်ခံစာ(၂/၂၀၁၈)အား ပြည်သူ့လွှတ်တော်ကြီးမှ သဘောတူလက်ခံအတည်ပြုပေး နိုင်ပါရန် လေးစားစွာဖြင့် အဆိုတင်သွင်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုကိုအတည်ပြုနိုင်ဖို့ လွှတ်တော်ရဲ့ သဘောထားရယူပါ့မယ်။ ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏မူလအခွင့်အရေးဆိုင်ရာကော်မတီရဲ့ အစီရင်ခံစာကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ လွှတ်တော်ကသဘောတူတဲ့အတွက် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

## ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် န၀မပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ (၇-၉-၂၀၁၈ ရက်နေ့)က တင်သွင်းခဲ့တဲ့ ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အတည်ပြုချက်ရယူခြင်းများ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အဆိုတင်သွင်းရန် ဖိတ်ခေါ်ပါတယ်။

**ဦးအာမိုးဆီ(အဖွဲ့ဝင်၊ ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ခေါင်လန်ဖူးမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင် ဦးအာမိုးဆီ ဖြစ်ပါတယ်။ ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ နှစ်ပတ်လည်အစီရင်ခံစာကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် န၀မပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့တွင် ဖိတ်ကြားတင်သွင်းခဲ့ပြီးဖြစ်ပါတယ်။ ၎င်းအစီရင်ခံစာအပေါ် အကြံပြုဆွေးနွေးမည့်လွှတ်တော်ကိုယ်စားလှယ်များမရှိသည့်အတွက် ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏အစီရင်ခံစာကို ပြည်သူ့လွှတ်တော်ကြီးက အတည်ပြုပေးနိုင်ပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုကို အတည်ပြုနိုင်ဖို့ လွှတ်တော်ရဲ့ သဘောထားရယူပါ့မယ်။ ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့အစီရင်ခံစာကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**မူကြမ်း**

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က သဘောတူတဲ့အတွက် ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုး တိုးတက်ရေးကော်မတီရဲ့အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥပဒေကြမ်းကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေး၍ ပြင်ဆင်ချက်ဖြင့်အတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့ထားသော မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥပဒေကြမ်းကို ၂၉-၈-၂၀၁၈ ရက်နေ့မှာ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြင်ဆင်ချက်မိတ္တူများကိုလည်း ကိုယ်စားလှယ်များထံ ဖြန့်ဝေပြီးဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အပေါ် ဆွေးနွေးရန် အဆိုတင်သွင်းလိုသူများအနေနဲ့ ပြင်ဆင်လိုသည့်ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၁၉-၉-၂၀၁၈ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန် ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

## စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက တင်သွင်းသည့် စားသုံးသူကာကွယ်ရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက တင်သွင်းသော စားသုံးသူကာကွယ်ရေးဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး တတိယနေ့ (၃၀-၇-၂၀၁၈ ရက်နေ့)တွင် ဥပဒေကြမ်းကော်မတီ အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း ပြုလုပ်ခဲ့ပါတယ်။ ဒီဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပြင်ဆင်လိုသည့်အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၁-၈-၂၀၁၈ ရက်နေ့ နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန်တောင်းခံခဲ့ရာ ကိုယ်စားလှယ် ၁၀ ဦးက အမည်စာရင်းတင်သွင်းလာပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၊ နိုင်ငံသားများ၏မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ၊ ပြင်ဆင်ချက်အဆိုတင်သွင်းထားတဲ့ လွှတ်တော် ကိုယ်စားလှယ်များနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်တို့က ပြန်လည်စိစစ်ခဲ့ကြပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးအတည်ပြုခြင်းများ ဆောင်ရွက်ပါမယ်။ ဒီလိုဆွေးနွေးရာမှာ ဥပဒေကြမ်း၏ခေါင်းစဉ်၊ နိဒါန်းမှအစ အပိုဒ်၊ အပိုဒ်ခွဲများနှင့် ဥပဒေကြမ်းတစ်ခုလုံး ပါဝင်မှာ ဖြစ်ပါတယ်။ အပိုဒ်၊ အပိုဒ်ခွဲ၊ အမှတ်စဉ် အတည်ပြုနိုင်ရေးဆောင်ရွက်ရာမှာ ပြင်ဆင်ချက်မရှိပါက

မူလအဆိုပြုပြဋ္ဌာန်းချက်အတိုင်း အတည်ပြုနိုင်ရေး တင်ပြဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြင်ဆင်ချက်ရှိသော အပိုဒ်၊ အပိုဒ်ခွဲများအတွက် ပြင်ဆင်ချက်အဆိုတင်သွင်းထားတဲ့ ဥပဒေကြမ်းကော်မတီက သက်ဆိုင်ရာအပိုဒ်၊ အပိုဒ်ခွဲအလိုက် ဆွေးနွေးခြင်းများပြုလုပ်ပြီး လွှတ်တော်ရဲ့ဆန္ဒသဘောထား ရယူ၍ ဆုံးဖြတ်အတည်ပြုသွားမှာဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ နည်းဥပဒေခွဲ(ဃ)အရ စားသုံးသူကာကွယ်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် (၁၀၅)ချက်ကို ဥပဒေကြမ်းကော်မတီက တင်သွင်းဖို့ ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးနေမျိုးထွန်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စု ဒုတိယဝန်ကြီးနှင့် အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးနေမျိုးထွန်း ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏တာဝန်ပေးချက်အရ စားသုံးသူကာကွယ်ရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ အရ လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းသွားမှာဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော စားသုံးသူကာကွယ်ရေးဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ရုံးက ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ပေးပို့လာပါတယ်။ ယင်းဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး တတိယနေ့ဖြစ်သည့် ၃၀-၇-၂၀၁၈ ရက်နေ့(တနင်္လာနေ့)တွင် လွှတ်တော်သို့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာစိစစ်တွေ့ရှိချက်အစီရင်ခံစာကို တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ပြင်ဆင်ချက်အဆိုများကို ၁-၈-၂၀၁၈ ရက် (ဗုဒ္ဓဟူးနေ့)နောက်ဆုံးထား၍ တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြစ်သည့် ဦးဌေးငွေ(မြောင်မဲဆန္ဒနယ်)၊ ဦးဇုန်းတိန့်(ချီဖွေမဲဆန္ဒနယ်)၊ ဦးရန်လင်း(ကျိုက်လတ်မဲဆန္ဒနယ်)၊ ဦးဇာနည်မင်း(ရွှေကူမဲဆန္ဒနယ်)၊ ဒေါက်တာသန်းအောင်စိုး(မင်းလှမဲဆန္ဒနယ်)၊ ဦးမျိုးနိုင်(ချမ်းအေးသာစံမဲဆန္ဒနယ်)၊ ဦးအောင်လှိုင်ဝင်း(မင်္ဂလာဒုံမဲဆန္ဒနယ်၊ ဒေါက်တာစိန်မြအေး(ဒလမဲဆန္ဒနယ်)၊ ဦးဝင်းထွဋ်(ဖျာပုံမဲဆန္ဒနယ်)နှင့် ဗိုလ်မှူးထင်လင်းဦး(တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)တို့က ဆွေးနွေးရန်နှင့် ပြင်ဆင်ရန် အဆိုများတင်သွင်းလာပါတယ်။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီသည် ဆွေးနွေးရန်နှင့် ပြင်ဆင်ချက်အဆိုတင်သွင်းသူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ တရားစီရင်ရေးနှင့်ဥပဒေရေးရာကော်မတီ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ၂၉-၈-၂၀၁၈ ရက်နေ့(ဗုဒ္ဓဟူးနေ့)တွင် ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ပါတယ်။ ယင်းညှိနှိုင်းအစည်းအဝေး၏သဘောတူဆုံးဖြတ်ချက်အရ ပြည်သူ့လွှတ်တော်

ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန်တင်ပြချက် (၁၀၅)ချက်ရှိပါတယ်။ ပြင်ဆင်ရန်တင်ပြချက်ဇယား ကို လွှတ်တော်ကိုယ်စားလှယ်ကြီးများထံ ကန့်လန့်ဖြတ်ဇယားဖြင့် ဖြန့်ဝေထားပြီးဖြစ်ပါတယ်။

[ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန်တင်ပြချက် (၁၀၅)ချက်မှာ အောက်ပါ အတိုင်းဖြစ်ပါသည်။]

| စဉ် | စာမျက်နှာ | အမှတ်စဉ် | အပိုဒ်နှင့် အပိုဒ်ခွဲ |
|---|---|---|---|
| (က) | ၁ မှ ၅ | ၁၊ ၅၊ ၇၊ ၉၊ ၁၁၊ ၁၃ | ဥပဒေခေါင်းစီး၊ အပိုဒ် ၂ အပိုဒ်ခွဲ(ဃ)၊ အပိုဒ်ခွဲ(ဆ) အပိုဒ်ခွဲ(ဋ)၊ အပိုဒ်ခွဲ(ဍ)၊ အပိုဒ်ခွဲ(န) |
| (ခ) | ၆ | ၁၇၊ ၁၉၊ ၂၀၊ ၂၁၊ ၂၂ | အပိုဒ် ၃ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲ(င)၊ အပိုဒ်ခွဲ(စ)၊ အပိုဒ်ခွဲ(ဆ)၊ အသစ်ဖြည့်စွက်ချက် အပိုဒ်ခွဲ(ဈ) |
| (ဂ) | ၇ မှ ၉ | ၂၄၊ ၃၀၊ ၃၂၊ ၃၃၊ ၃၄ | အပိုဒ် ၄ အပိုဒ်ခွဲ(က)၊ အပိုဒ် ၈၊ အဆိုပြုပြင်ဆင်ချက် အပိုဒ် ၉ အပိုဒ်ခွဲ(ဃ)ကိုပယ်ဖျက်ခြင်း၊ အပိုဒ် ၁၀၊ အပိုဒ် ၁၁ |
| (ဃ) | ၉ မှ ၁၀ | ၃၇၊ ၃၉၊ ၄၁၊ ၄၂၊ ၄၄ | အသစ်ဖြည့်စွက်ချက် အပိုဒ် ၁၂ အပိုဒ်ခွဲ(က)၊ အပိုဒ် ၁၂ အပိုဒ်ခွဲ(ဃ)၊ အပိုဒ်ခွဲ(ဈ)၊ အပိုဒ်ခွဲ(ည)၊ အသစ်ဖြည့်စွက်ချက် အပိုဒ်ခွဲ(ဌ) |
| (င) | ၁၂ မှ ၁၃ | ၄၈၊ ၅၁၊ ၅၃၊ ၅၄ | အပိုဒ် ၁၃ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၆)၊ အပိုဒ်ခွဲ(ခ) အပိုဒ်ခွဲငယ်(၁)၊ အပိုဒ်ခွဲငယ်(၄)နှင့်(၅)၊ အဆိုပြုပြင်ဆင်ချက် အပိုဒ်ခွဲငယ်(၆)ကိုပယ်ဖျက်ခြင်း |
| (စ) | ၁၄ မှ ၁၆ | ၅၇၊ ၅၉၊ ၆၁၊ ၆၃ | အပိုဒ် ၁၄၊ အပိုဒ် ၁၅ အပိုဒ်ခွဲ(ဃ)၊ အသစ်ဖြည့်စွက်ချက် အပိုဒ်ခွဲ(ဆ)၊ အပိုဒ်ခွဲ(ဋ) |
| (ဆ) | ၁၆ မှ ၁၇ | ၆၇၊ ၆၉ | အဆိုပြုပြင်ဆင်ချက် အပိုဒ် ၁၇ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၃)ကို ပယ်ဖျက်ခြင်း၊ အဆိုပြုပြင်ဆင်ချက် အပိုဒ် ၁၈ ကိုပယ်ဖျက်ခြင်း |
| (ဇ) | ၁၈ | ၇၂၊ ၇၃၊ ၇၄၊ ၇၆ | အပိုဒ် ၁၈ အပိုဒ်ခွဲ(ဃ)၊ အပိုဒ်ခွဲ(င)၊ အပိုဒ်ခွဲ(စ)၊ အသစ်ဖြည့်စွက်ချက် အပိုဒ်ခွဲ(ဈ) |
| (ဈ) | ၁၉ မှ ၂၀ | ၇၉၊ ၈၂၊ ၈၃ | အပိုဒ် ၁၉ အပိုဒ်ခွဲ(စ) အပိုဒ် ၂၀ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲ(ဃ) |
| (ည) | ၂၀ မှ ၂၂ | ၈၆၊ ၈၉၊ ၉၁၊ | အပိုဒ် ၂၁ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲ(စ)နှင့်(ဆ)၊ အပိုဒ်ခွဲ(ဈ)၊ |

| | | | |
|---|---|---|---|
| | | ၉၂၊ ၉၃ | အပိုဒ်ခွဲ(ည)၊ အပိုဒ်ခွဲ(ဋ) |
| (ဋ) | ၂၃ | ၉၅၊ ၉၇ | အပိုဒ် ၂၂၊ အပိုဒ် ၂၃ အပိုဒ်ခွဲ(ခ) |
| (ဌ) | ၂၄ မှ ၂၅ | ၁၀၀၊ ၁၀၂၊ ၁၀၄၊ ၁၀၅၊ ၁၀၆ | အပိုဒ် ၂၄ ခြေဆင်း၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(ဃ)၊ အပိုဒ် ၂၅ ခြေဆင်း၊ အပိုဒ်ခွဲ(က) |

| စဉ် | စာမျက်နှာ | အမှတ်စဉ် | အပိုဒ်နှင့် အပိုဒ်ခွဲ |
|---|---|---|---|
| (ဍ) | ၂၅ မှ ၂၆ | ၁၁၀၊ ၁၁၃၊ ၁၁၆ | အပိုဒ် ၂၆ အပိုဒ်ခွဲ(ခ)နှင့်(ဂ)၊ အပိုဒ် ၂၇ ခြေဆင်း၊ အပိုဒ် ၂၈ |
| (ပ) | ၂၈ မှ ၂၉ | ၁၁၉၊ ၁၂၁၊ ၁၂၃ | အပိုဒ် ၃၀၊ အပိုဒ် ၃၂၊ အပိုဒ် ၃၄ |
| (ဏ) | ၂၉ မှ ၃၁ | ၁၂၅၊ ၁၂၇၊ ၁၂၉၊ ၁၃၁၊ ၁၃၄ | အပိုဒ် ၃၅ ခြေဆင်း၊ အပိုဒ် ၃၆ ခြေဆင်း၊ အသစ်ဖြည့်စွက်ချက် အပိုဒ် ၃၆ အပိုဒ်ခွဲ(စ)၊ အပိုဒ် ၃၇ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၄၀ |
| (တ) | ၃၂ မှ ၃၃ | ၁၃၆၊ ၁၃၈၊ ၁၄၀ | အပိုဒ် ၄၁ ခြေဆင်း၊ အပိုဒ် ၄၁ အပိုဒ်ခွဲ(ဆ)၊ အပိုဒ် ၄၃ |
| (ထ) | ၃၃ မှ ၃၆ | ၁၄၂၊ ၁၄၄၊ ၁၄၅၊ ၁၄၇၊ ၁၄၉၊ ၁၅၀၊ ၁၅၁၊ ၁၅၃၊ ၁၅၅၊ ၁၅၆ | အပိုဒ် ၄၄ ခြေဆင်း၊ အပိုဒ် ၄၅ ခြေဆင်း၊ အပိုဒ် ၄၅ အပိုဒ်ခွဲ(က)၊ အပိုဒ် ၄၆ ခြေဆင်း၊ အပိုဒ် ၄၆ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(ဂ)၊ အသစ်ဖြည့်စွက်ချက် အပိုဒ်ခွဲ(ဃ)၊ အပိုဒ် ၄၇၊ အပိုဒ် ၄၉၊ အပိုဒ် ၅၀ |
| (ဒ) | ၃၆ မှ ၃၈ | ၁၅၉၊ ၁၆၁၊ ၁၆၃၊ ၁၆၄၊ ၁၆၅ | အပိုဒ် ၅၂ ခြေဆင်း၊ အပိုဒ် ၅၃ ခြေဆင်း၊ အပိုဒ် ၇၄၊ အပိုဒ် ၇၅၊ အပိုဒ် ၅၄ |
| (ဓ) | ၃၈ မှ ၄၀ | ၁၆၇၊ ၁၆၈၊ ၁၆၉၊ ၁၇၀၊ ၁၇၁၊ ၁၇၂ | အပိုဒ် ၅၅၊ အပိုဒ် ၅၆၊ အဆိုပြုပြဋ္ဌာန်းချက် အခန်း(၂၂)နှင့် အပိုဒ် ၆၀ တို့ကိုပယ်ဖျက်ခြင်း၊ အခန်း(၂၂)ခေါင်းစဉ်၊ အပိုဒ် ၅၇၊ အပိုဒ် ၅၈ |

**မူကြမ်း**

| | | | |
|---|---|---|---|
| (န) | ၄၀ မှ ၄၄ | ၁၇၆၊ ၁၇၇၊ ၁၇၉၊ ၁၈၁၊ ၁၈၃၊ ၁၈၅၊ ၁၈၇၊ ၁၈၉၊ ၁၉၀ | အခန်း(၂၃) ခေါင်းစဉ်၊ အပိုဒ် ၆၂ ခြေဆင်း၊ အပိုဒ် ၆၃ ခြေဆင်း၊ အပိုဒ် ၆၄ ခြေဆင်း၊ အပိုဒ် ၆၅ ခြေဆင်း၊ အပိုဒ် ၆၆ ခြေဆင်း၊ အပိုဒ် ၆၇ ခြေဆင်းနှင့် အပိုဒ်ခွဲ(က)၊ အသစ်ဖြည့်စွက်ချက် အပိုဒ် ၆၇ အပိုဒ်ခွဲ(ဃ)၊ အပိုဒ် ၆၈ |

| စဉ် | စာမျက်နှာ | အမှတ်စဉ် | အပိုဒ်နှင့် အပိုဒ်ခွဲ |
|---|---|---|---|
| (ပ) | ၄၄ မှ ၄၆ | ၁၉၁၊ ၁၉၂၊ ၁၉၃၊ ၁၉၄၊ ၁၉၅၊ ၁၉၆၊ ၁၉၇ | အခန်း(၂၄)ခေါင်းစဉ်၊ အဆိုပြုပြင်ဆင်ချက် အပိုဒ် ၇၃ ကို ပယ်ဖျက်ခြင်း၊ အပိုဒ် ၆၉၊ အပိုဒ် ၇၀၊ အပိုဒ် ၇၁၊ အပိုဒ် ၇၂၊ အပိုဒ် ၇၃ |
| (ဖ) | ၄၆ မှ ၄၈ | ၁၉၉၊ ၂၀၀၊ ၂၀၁၊ ၂၀၇ | အခန်း(၂၅)ခေါင်းစဉ်၊ အဆိုပြုပြင်ဆင်ချက် အပိုဒ် ၈၀ ကို ပယ်ဖျက်ခြင်း၊ အသစ်ဖြည့်စွက်ချက် အပိုဒ် ၇၇၊ အပိုဒ် ၈၃ အပိုဒ်ခွဲ(က) |

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန်တင်ပြချက် (၁၀၅)ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာအဆိုတင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဦးအောင်ထူး(ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အစည်းအဝေးသို့တက်ရောက်လာကြတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည်တော်ကြီးများ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ စားသုံးသူကာကွယ်ရေးဥပဒေကြမ်းအပေါ် ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီမှ တင်သွင်းတဲ့ ပြင်ဆင်ချက်များနှင့်ပတ်သက်၍ ကျွန်တော် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ကိုယ်စား တင်ပြသွားမှာဖြစ်ပါတယ်။ စားသုံးသူကာကွယ်ရေးဥပဒေကြမ်းနှင့်ပတ်သက်၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီက ပြင်ဆင်ချက်အဆိုများဟာ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီနှင့် အကြေအလည် ညှိနှိုင်းထားရှိပြီးဖြစ်တဲ့အတွက် ပြင်ဆင်ချက်များကို သဘောတူညီပါကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မှုကြမ်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စားသုံးသူကာကွယ်ရေးဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီ၏ပြင်ဆင်ချက် (၁၀၅)ချက်အား အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် စားသုံးသူကာကွယ်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက် (၁၀၅)ချက်ကို ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်များအတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက တင်သွင်းသော စာသုံးသူကာကွယ်ရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ လွှတ်တော်ရဲ့ပြင်ဆင်အတည်ပြုချက်များကြောင့် ပြောင်းလဲသွားတဲ့အပိုဒ်၊ အပိုဒ်ခွဲ၊ အမှတ်စဉ်များကိုလည်း တစ်ပါတည်းအတည်ပြုချက်ရယူမှာဖြစ်ပါတယ်။ ဒါကြောင့် စားသုံးသူကာကွယ်ရေးဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့်အပိုဒ်၊ အပိုဒ်ခွဲများအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက တင်သွင်းသော စားသုံးသူကာကွယ်ရေး ဥပဒေကြမ်း တစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲများအတိုင်း အတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၁ အရ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာပါတယ်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၉)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ကို ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်(အင်္ဂါနေ့) နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၄၂။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

**မူကြမ်း**

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ကို ၁၁း၄၂ နာရီအချိန်တွင် ရပ်နားပါသည်။]

**မှူကြမ်း**

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ (၁၇.၉.၂၀၁၈) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ




U Soe Aung    U Kyaw Shwe




Major Genl Than Htut    U Tin Aye




Major Genl Than Htut    Daw Nan Htwe Thu




Major Genl Than Htut    U Sein Aung




Major Genl Than Htut    U Arr Moe Si




Major Genl Than Htut    U Wan Hla

pyithu.hluttaw.mm



Major Genl Than Htut



U Kyaw Htay

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရှက်